မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၇ ]    ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက် ( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက် ) } သောကြာနေ့   [ အတွဲ ၆၈

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၂/ ၂၀၁၅**

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂ ရက် )

**နယ်စပ်ဖြတ်ကျော်တံတားများ အသုံးပြုမှု မူဝါဒများ ချမှတ်ရေးဆိုင်ရာ ဗဟိုကော်မတီဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား တည်ဆောက်ထားရှိသော တံတားများနှင့် အနာဂတ်တွင် တည်ဆောက်မည့် ချစ်ကြည်ရေးတံတားများ အသုံးပြုမှုဆိုင်ရာ မူဝါဒများ ချမှတ်နိုင်ရေးအတွက် **"နယ်စပ်ဖြတ်ကျော်တံတားများ အသုံးပြုမှု မူဝါဒများ ချမှတ်ရေးဆိုင်ရာ ဗဟိုကော်မတီ"** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဝန်ကြီးချုပ်<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | ဝန်ကြီးချုပ်<br>ကယားပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ဝန်ကြီးချုပ်<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |

(ည) ဝန်ကြီးချုပ် အဖွဲ့ဝင်
ချင်းပြည်နယ်အစိုးရအဖွဲ့

(ဋ) ဝန်ကြီးချုပ် အဖွဲ့ဝင်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဌ) ဝန်ကြီးချုပ် အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဍ) ဝန်ကြီးချုပ် အဖွဲ့ဝင်
မွန်ပြည်နယ်အစိုးရအဖွဲ့

(ဎ) ဝန်ကြီးချုပ် အဖွဲ့ဝင်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(ဏ) ဝန်ကြီးချုပ် အဖွဲ့ဝင်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(တ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ထ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဒ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဓ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(န) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဘဏ္ဍာရေးဝန်ကြီးဌာန

(ပ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ဖ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(ဗ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဘ) ဒုတိယဝန်ကြီး တွဲဖက်အတွင်းရေးမှူး
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၂။ နယ်စပ်ဖြတ်ကျော်တံတားများ အသုံးပြုမှု မူဝါဒများချမှတ်ရေးဆိုင်ရာ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) နယ်စပ်ကုန်သွယ်မှုနှင့် တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှုများဆိုင်ရာ မူဝါဒများ၊ တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှုဖြင့် ဆောင်ရွက်ခွင့်ပြုမည့်ပစ္စည်းများ၊ GMS Economic Cooperation Programme အောက်မှ Trade Facillitation နှင့်ပတ်သက်၍ မူဝါဒများ ချမှတ်ရန်။

(ခ) တံတားမှတစ်ဆင့် မော်တော်ယာဉ်များ ဖြတ်သန်းဝင်ရောက်မှုနှင့်ပတ်သက်၍ အာဆီယံနှင့် GMS သဘောတူညီချက်များနှင့်အညီ ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ မူဝါဒများ ချမှတ်ရန်။

(ဂ) နှစ်နိုင်ငံဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ၊ အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များ၊ တံတားမှတစ်ဆင့် ကုန်သွယ်မှုများလုပ်ဆောင်ရာတွင် နိုင်ငံတကာ

လုပ်ထုံးလုပ်နည်းများနှင့်အညီ ပါဝင်သင့်သည့် အကောက်ခွန်၊ ငွေပေးချေမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မူဝါဒများချမှတ်ရန်။

(ဃ) နယ်စပ်ဖြတ်ကျော်တံတားများမှ ဖြတ်သန်းသွားလာမည့် နှစ်နိုင်ငံစာချုပ်ဝင် နိုင်ငံသားများနှင့် တတိယနိုင်ငံသားများအတွက် တည်ဆဲမူဝါဒများနှင့်အညီ ဝင်ထွက်ခွင့်ဆိုင်ရာ မူဝါဒများချမှတ်ရန်။

(င) ချစ်ကြည်ရေးတံတားပေါ်တွင် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်သော အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးမှု၊ ငွေကြေးခဝါချမှု၊ လူကုန်ကူးမှု၊ ပင်လယ်ဓားပြမှု၊ လက်နက်မှောင်ခိုမှု၊ စီးပွားရေးမှုခင်းနှင့် ကွန်ပျူတာမှုခင်းကိစ္စရပ်များစသည့် Legal Cooperation ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ မူဝါဒများချမှတ်ရန်နှင့် မြေအသုံးချမှု မူဝါဒများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ချမှတ်ရန်။

(စ) တံတားအနီးပတ်ဝန်းကျင်ဒေသ၌နေထိုင်သည့် ဒေသခံတိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝဖွံ့ဖြိုး တိုးတက်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အစားထိုးဝင်ငွေတိုးတက်စေရေး၊ အသိဉာဏ်ဗဟုသုတ ကြွယ်ဝစေရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့စေရေးဆိုင်ရာ မူဝါဒများ ချမှတ်ရန်။

(ဆ) ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်ပြဿနာများ (Public Health Emergency of International Concern)၊ Migrant Health အတွက် ဦးစားပေးကာကွယ်ထိန်းချုပ်ရမည့် (HIV, TB, Malaria) စသည့် ရောဂါများအတွက် သတ်မှတ်ထားသည့် ရောဂါကာကွယ်ရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာနှင့် ဆေးဝါးများ (Food and Drug Administration) လုပ်ငန်း ဆောင်ရွက်ရန် နှစ်နိုင်ငံတွင် လက်ရှိကျင့်သုံးနေသော မူဝါဒများနှင့် အညီ မူဝါဒများချမှတ်ရန်။

(ဇ) နယ်စပ်ဖြတ်ကျော်တံတားများ နှစ်နိုင်ငံအစီအစဉ်ဖြင့် တည်ဆောက်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာန များမှ ဗဟိုကော်မတီသို့ တင်ပြသဘောတူညီချက်ရယူရန်နှင့် တံတားပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ မူဝါဒများချမှတ်ရန်။

(ဈ) ဒေသဆိုင်ရာ ပြည်နယ်အာဏာပိုင်အဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်သော တံတားစီမံခန့်ခွဲမှု ဆိုင်ရာ ကော်မတီဖွဲ့စည်းရေး မူဝါဒများချမှတ်ရန်။

(ည) နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ရောဂါ (Transboudnary Animal Disease) များနှင့် ပတ်သက်၍ စနစ်တကျ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက် ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ အပြန်အလှန် တင်ပို့ရောင်းချရာတွင် အစားအစာ ဘေးကင်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မူဝါဒများချမှတ်ရန်။

(ဋ) နယ်စပ်ဖြတ်ကျော်တံတားများ တည်ဆောက်ရာတွင် နယ်နိမိတ်ကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကို နှစ်နိုင်ငံ ချုပ်ဆိုထားသည့်စာချုပ်၊ ဒေသဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာ စာချုပ်များပါ သဘောတူညီချက် များနှင့်အညီ မူဝါဒများ ချမှတ်ရန်။

(ဌ) လူနှင့်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်ရာတွင် အကောက်ခွန်လုပ်ထုံးလုပ်နည်းများ ရှင်းလင်း လွယ်ကူရေး၊ စစ်ဆေးရေးနှင့် ပိုးမွှားရောဂါ ကင်းရှင်းရေး၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ စီးပွားရေးလုပ်ငန်းရှင်များ လွယ်ကူစွာ သွားလာရေးတို့အတွက် မူဝါဒများ ချမှတ်ရန်။

(ဍ) အခြားလိုအပ်သည့် နယ်စပ်ဖြတ်ကျော်အသုံးပြုမှု မူဝါဒများကို ချမှတ်ရန်။

၃။ ဗဟိုကော်မတီသည် လိုအပ်သည့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၅**

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၁၁ ရက် )

**ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်တွင် အဖွဲ့ဝင် ထည့်သွင်းဖွဲ့စည်းခြင်း**

ပြည်သူ့လွှတ်တော်သည် ၂၀၁၅ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့၌ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ဦးခင်မောင်တင်၊ သံအမတ်ကြီး (ငြိမ်း) အား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်သည်။

(ပုံ) သူရရွှေမန်း

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၅**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁ ရက် )

**အမျိုးသားလွှတ်တော် ဘယ်လာရုစ်-မြန်မာလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် ဘယ်လာရုစ်-မြန်မာလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) ဦးနေဝင်းထွန်း | မဲဆန္ဒနယ်အမှတ် (၉)၊ | ရှမ်းပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) ဒေါက်တာမြတ်ဉာဏစိုး | မဲဆန္ဒနယ်အမှတ် (၄)၊ | ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဂ) ဒေါက်တာခင်ရွှေ | မဲဆန္ဒနယ်အမှတ် (၉)၊ | ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဃ) ဦးခင်မောင်ရီ | မဲဆန္ဒနယ်အမှတ် (၆)၊ | ဧရာဝတီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (င) ဦးဂျေယောဝူ | မဲဆန္ဒနယ်အမှတ် (၁၂)၊ | ကချင်ပြည်နယ် | အတွင်းရေးမှူး |

၂။ အသင်းဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

**[ ယခင်အပတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် အမိန့်ကြော်ငြာစာအမှတ် (၃၄၉/၂၀၁၅) အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများမှအဆက် ]**

**နောက်ဆက်တွဲ (ခ)**

## တရားမနှင့် ပြစ်မှုမှတ်ပုံတင်စာအုပ် အမှတ် -၅
## မိတ္တူကူးလျှောက်လွှာများ မှတ်ပုံတင်စာအုပ်

| အမှတ်စဉ် | လျှောက်သူအမည် | တရားရုံးအမည် | မိတ္တူရယူလိုသောအမှုအမှတ် | ရက်စွဲ | | | မိတ္တူကူးခငွေမည်မျှ | | | | စုစုပေါင်းမိတ္တူကူးခ | ချလန်အမှတ်၊ ရက်စွဲနှင့်တကွ ဘီလစ်လက်မှတ်တို | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | လျှောက်လွှာလက်ခံရရှိသည့်ရက် | ပေးအပ်ရန်အသင့်ရှိသည့်ရက် | ပေးအပ်သည့်ရက် | သာမန်အတွက် | အလျင်အမြန်အတွက် | မိတ္တူစာရေးအတွက် | နိုင်ငံတော်အတွက် | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| | | | | | | | | | | | | | |

**နောက်ဆက်တွဲ (ဂ)**

| **တရားဘက်အများဆိုင်ရာပုံစံ အမှတ် ၁၇ (က) လက်ခံဖြတ်ပိုင်း** | **သက်သေခံလက်မှတ်မူရင်း** | **သက်သေခံလက်မှတ်မူရင်းခွဲ** |
|---|---|---|
| လျှောက်သူအမည်. . . . . . . . . .<br>လျှောက်ထားသည့်မိတ္တူအမျိုးအစား<br>. . . . . . . . . . . . . . . . . . . . .<br>လျှောက်လွှာလက်ခံရရှိသည့်ရက်စွဲ<br>. . . . . . . . . . . . . . . . . . . . .<br>မှတ်ပုံတင်စာအုပ်တွင်ရေးသွင်းသည့်<br>ရက်စွဲ. . . . . . . . . . . . . . . .<br>မှတ်ပုံတင်စာအုပ်ရှိ မှတ်ပုံတင်<br>အမှတ်စဉ်. . . . . . . . . . . . .<br>လျှောက်သူသို့ ထုတ်ပေးသည့်<br>ရက်စွဲ. . . . . . . . . . . . . . . .<br>စာမျက်နှာပေါင်း. . . . . . . . . . .<br>ပေးသွင်းသည့်မိတ္တူကူးခ. . . . . . .<br>ချလန်အမှတ်. . . . . . . . . . . . .<br>ချလန်ရက်စွဲ. . . . . . . . . . . .<br><br>**အခွင့်ရအရာရှိ**<br><br>လက်မှတ် . . . . . . . . . .<br>အမည် . . . . . . . . . .<br>ရာထူး . . . . . . . . . . | . . . . . ခုနှစ်၊ . . . . . . . . . . လ<br>. . . . . . ရက်တွင်. . . . . . . . .<br>*. . . . . . . . . . . . . . . . . . .<br>. . . . . . ရေးကူးရန်. . . . . ထံမှ<br>မိတ္တူလျှောက်လွှာကိုလက်ခံရရှိပြီးဖြစ်<br>၍ မိတ္တူလျှောက်လွှာများမှတ်ပုံတင်<br>စာအုပ်အမှတ်စဉ် ( ) အဖြစ်<br>မှတ်ပုံတင်ပြီးဖြစ်သည်။<br>လျှောက်ထားသည့်မိတ္တူတစ်စောင်ကို<br>. . . . . . ခုနှစ်. . . . . . . . . . လ<br>. . . . . . . ရက်တွင် ထုတ်ပေးပြီး<br>ကြောင်း ၎င်းမိတ္တူတွင် စာမျက်နှာ<br>ပေါင်း . . . . . . . . . . ပါရှိ၍၊<br>မိတ္တူကူးခငွေ . . . . . . . . ကို<br>နိုင်ငံတော်သို့ ပေးသွင်းပြီးကြောင်း၊<br>သက်သေခံလက်မှတ် ရေးထိုး<br>လိုက်သည်။<br>. . . . ခုနှစ်၊ . . . . . . လ. . . ရက်<br><br>**အခွင့်ရအရာရှိ**<br><br>လက်မှတ် . . . . . . . . . .<br>အမည် . . . . . . . . . .<br>ရာထူး . . . . . . . . . .<br>*တရားရုံးအမည်၊အမှုအမျိုးအစား၊<br>အမှုအမှတ်နှင့် မိတ္တူကူးလိုသည့်<br>စာရွက်စာတမ်းအမျိုးအမည်တို့ကို<br>ပြည့်စုံစွာရေးသားရန်။<br>**မှတ်ချက်။** ။မိတ္တူလျှောက်ထား<br>သည့်နေ့ရက်၊ ထုတ်ပေးသည့်နေ့ရက်<br>တို့ကို စာဖြင့်ရေးရမည်။ဂဏန်းဖြင့်<br>မရေးရ။ | . . . . ခုနှစ်. . . . . . လ. . . . ရက်<br>တွင်*. . . . . . . . . . . . . . .<br>. . . . . . . . . . . . . . . . . . . .<br>. . . . . . ရေးကူးရန်. . . . . . ထံမှ<br>မိတ္တူလျှောက်လွှာကို လက်ခံရရှိပြီး<br>ဖြစ်၍၊ လျှောက်လွှာများ မှတ်ပုံတင်<br>စာအုပ်တွင်အမှတ်စဉ်(. . . . . .)<br>အဖြစ် မှတ်ပုံတင်ပြီး ဖြစ်သည်။<br>လျှောက်ထားသည့် မိတ္တူတစ်စောင်<br>ကို. . . . ခုနှစ်၊ . . . . . . . . လ<br>. . . . ရက်တွင်ထုတ်ပေးပြီးကြောင်း၊<br>၎င်းမိတ္တူတွင် စာမျက်နှာပေါင်း<br>. . . ပါရှိ၍မိတ္တူကူးခငွေ. . . . . ကို<br>နိုင်ငံတော်သို့ ပေးသွင်းပြီးကြောင်း၊<br>သက်သေခံလက်မှတ်ရေးထိုးလိုက်<br>သည်။<br>. . . . ခုနှစ် . . . . . . လ . . . ရက်<br>**အခွင့်ရအရာရှိ**<br><br>လက်မှတ် . . . . . . . . . .<br>အမည် . . . . . . . . . .<br>ရာထူး . . . . . . . . . .<br>*တရားရုံးအမည်၊အမှုအမျိုးအစား၊<br>အမှုအမှတ်နှင့် မိတ္တူကူးလိုသည့်<br>စာရွက်စာတမ်းအမျိုးအမည်တို့ကို<br>ပြည့်စုံစွာရေးသားရန်။<br>**မှတ်ချက်။** ။မိတ္တူလျှောက်ထား<br>သည့် နေ့ရက်၊ ထုတ်ပေးသည့်<br>နေ့ရက်တို့ကို စာဖြင့်ရေးရမည်။<br>ဂဏန်းဖြင့် မရေးရ။ |

**နောက်ဆက်တွဲ (ဃ)**

**တရားဘက်. . . အမျိုးဆိုင်ရာ ပုံစံအမှတ် ၁၇။**

**မူရင်း**

**မိတ္တူလျှောက်လွှာကိုရကြောင်းလက်မှတ်**

အမှတ်စဉ် . . . . . . . . . . . ခုနှစ်၊ . . . . . . . . . . . . . လ. . . . . . . ရက် နံနက် / မွန်းလွဲ . . . . . နာရီ အချိန်တွင် . . . . . . . . . . . . . . . . . . . . . . . . . . . . . . ထံမှ မိတ္တူလျှောက်လွှာ လက်ခံရရှိသည်။

. . . . . . . . ခုနှစ်၊ . . . . . . . . . . . . . . . . . လ . . . . . . . . . ရက် နံနက် / မွန်းလွဲ . . . . . . နာရီ အချိန်တွင် လျှောက်သူသည် လျှောက်လွှာနှင့်တွက်ချက်ထားသော မိတ္တူကူးခအတွက် လာရောက်ရမည်။

. . . . . . . . . . . . . . ရက်တွင် မိတ္တူကူးခ ပေးသွင်းသည်။ . . . . . . ရက် နံနက် / မွန်းလွဲ . . . နာရီ အချိန်တွင် မိတ္တူအသင့်ရှိမည်။

အခွင့်ရအရာရှိ

လက်မှတ် . . . . . . . . . . . . . . .

အမည် . . . . . . . . . . . . . . . . .

ရာထူး . . . . . . . . . . . . . . . . . .

---

**မူရင်းခွဲ**

**မိတ္တူလျှောက်လွှာကိုရကြောင်းလက်မှတ်**

အမှတ်စဉ် . . . . . . . . . . . . . . ခုနှစ်၊ . . . . . . . . . . . . . . . . . လ. . . . . . . . . . . ရက် နံနက် / မွန်းလွဲ . . . . . . . နာရီအချိန်တွင် . . . . . . . . . . . . . . . . . . . . . . . . ထံမှ မိတ္တူလျှောက်လွှာလက်ခံရရှိသည်။

. . . . . . . . ခုနှစ်၊ . . . . . . . . . . . . . . . . . . . . . . . . . လ . . . . . . . . . . . ရက် နံနက် / မွန်းလွဲ . . . . . . . နာရီအချိန်တွင် လျှောက်သူသည် လျှောက်လွှာနှင့်တွက်ချက်ထားသော မိတ္တူကူးခအတွက် လာရောက်ရမည်။

. . . . . . . . . . . . . . . . . ရက်တွင် မိတ္တူကူးခ ပေးသွင်းသည်။ . . . . . . . . . . . ရက် နံနက် / မွန်းလွဲ . . . . . . . နာရီအချိန်တွင် မိတ္တူအသင့်ရှိမည်။

အခွင့်ရအရာရှိ

လက်မှတ် . . . . . . . . . . . . . . .

အမည် . . . . . . . . . . . . . . . . .

ရာထူး . . . . . . . . . . . . . . . . .

**နောက်ဆက်တွဲ (င)**

## အမှုတွဲထိန်းထံမှ အမှုတွဲတောင်းခံစာ

၁။ အမှတ်စဉ် ... .....................................

၂။ တောင်းခံသောအမှုတွဲ -

(က) တရားရုံးအမည် .....................................

(ခ) အမျိုးအစား၊ ခုနှစ်နှင့်အမှတ် .....................................

(ဂ) အမှုသည်တို့၏အမည်များ ....................နှင့် ....................

၃။ ဆုံးဖြတ်သည့်ရက်/နောက်ဆုံးစစ်ဆေးခဲ့သည့်ရက် .....................................

၄။ တောင်းခံသည့်အကြောင်း ........... .....................................

၅။ ပေးပို့ရန်နောက်ဆုံးရက် .....................................

ရက်စွဲ၊ .......... ခုနှစ်၊ ............... လ ....... ရက်

အခွင့်ရအရာရှိ

လက်မှတ် ................

အမည် ................

ရာထူး ................

---

၁။ အမှတ်စဉ် .....................................

၂။ ပေးပို့သည့်အမှုတွဲ -

(က) တရားရုံးအမည် .....................................

(ခ) အမှုအမျိုးအစား၊ ခုနှစ်နှင့်အမှတ် .....................................

(ဂ) အမှုသည်တို့၏အမည်များ ....................နှင့် ....................

အထက်ပါအမှုတွဲကို ပေးပို့ပါသည်။

အောက်ပါအကြောင်းကြောင့် မပို့နိုင်သေးပါ။

အမှုတွဲထိန်း

လက်မှတ် ................

မလိုသည်ကို ဖျက်ရန် အမည် ................

ရာထူး ................

ရက်စွဲ၊ ...... ခုနှစ်၊ ............. လ ....... ရက်

**နောက်ဆက်တွဲ (စ)**

## တရားရုံးများတွင် မိတ္တူကူးရာ၌ ရက်သတ္တနှစ်ပတ်ကျော် ကြန့်ကြာရသည့် ကိစ္စများနှင့်စပ်လျဉ်း၍ လစဉ်အစီရင်ခံစာ ပုံစံ

တရားရုံးအမည် . . . . . . . . . . . . . . . . . . . . အစီရင်ခံသည့်ကာလ . . . . . . . . . . . လ

. . . . . . . . . . . . ခုနှစ်

| အမှတ်စဉ် | မှတ်ပုံတင်စာအုပ်အမှတ် ၅ ရှိ အမှတ်စဉ် | မိတ္တူရယူလိုသော အမှုအမှတ်နှင့် အကြောင်းအရာ | မိတ္တူရယူရန် လျှောက်လွှာတင်သည့်ရက် | မိတ္တူထုတ်ပေးရန် အသင့်ရှိလျှင် အသင့်ရှိသောရက် | ရက်သတ္တနှစ်ပတ်အတွင်း မိတ္တူထုတ်မပေးနိုင်သည့် အကြောင်းရင်းများ |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| | | | | | |

လက်မှတ် . . . . . . . . . . . . . . .

အမည် . . . . . . . . . . . . . . . .

ရာထူး . . . . . . . . . . . . . . . .

ရက်စွဲ . . . . . . . . . . . . . . . .

**နောက်ဆက်တွဲ (စ) အဆက်**

### ပုံစံအသုံးပြုရန် ညွှန်ကြားချက်

၁။ မိတ္တူရယူရန် လျှောက်လွှာတင်သည့်ရက်မှ ရက်ပေါင်း ရက်သတ္တနှစ်ပတ်ကျော်ကြာသည်အထိ မိတ္တူထုတ်မပေးရသေးသည့် ကိစ္စရပ်များကိုသာ ဖော်ပြရန်။

၂။ ပုံစံ စာတိုင် (၂) တွင် တရားမနှင့် ပြစ်မှု မှတ်ပုံတင်စာအုပ်အမှတ် ၅ ရှိ စာတိုင် (၁) ပါအမှတ်စဉ်ကို ဖော်ပြရန်။

၃။ ပုံစံ စာတိုင် (၃) မိတ္တူရယူလိုသော အမှုတွဲ၏ အမှုအမျိုးအစား၊ အမှုအမှတ်နှင့် ခုနှစ်တို့ကို ဖော်ပြရန်နှင့် ရယူလိုသည့် မိတ္တူ၏ အကြောင်းအရာကို ဖော်ပြရန်။ (ပုံစံအားဖြင့် ၁-၁-၈၆ ရက်စွဲပါ နေ့စဉ်မှတ်တမ်း၏ မိတ္တူ၊ ၇-၁-၈၆ ရက်စွဲပါ အမိန့်မိတ္တူ၊ ၁-၁-၈၆ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီမိတ္တူ စသည်ဖြင့်ဖော်ပြရန်)။

၄။ ပုံစံစာတိုင် (၄) တွင် ဖော်ပြရမည့်ရက်မှာ တရားမနှင့် ပြစ်မှုမှတ်ပုံတင်စာအုပ် အမှတ် ၅ စာတိုင်(၄)ရှိ ရက်ကိုဖော်ပြရန်။

၅။ ပုံစံ စာတိုင် (၆) တွင် ကြန့်ကြာရသည့် အကြောင်းရင်းအမှန်တို့ကို ပြည့်စုံစွာဖော်ပြရန်။ (ပုံစံအားဖြင့် အမှုတွဲမရရှိခြင်း၊ မိတ္တူအဆင်သင့်ဖြစ်သော်လည်း မိတ္တူကူးခ ပေးသွင်းရန်ပျက်ကွက်နေခြင်း၊ မိတ္တူကူးခ ပေးသွင်းလျက် လာရောက်ထုတ်ယူရန် ပျက်ကွက်နေခြင်းစသည်ဖြင့် ဖော်ပြရန်)။

**နောက်ဆက်တွဲ (ဆ)**

## မိတ္တူကူးခြင်းနှင့်စပ်လျဉ်းသည့် နှစ်စဉ် အစီရင်ခံစာ

တရားရုံးအမည် . . . . . . . . . . . . . . . . . . အစီရင်ခံသည့်ကာလ . . . . . . . . . . . .

| အမှတ်စဉ် | မိတ္တူပေးသည့်လျှောက်လွှာစောင်ရေပေါင်း | ရရှိသည့် မိတ္တူကူးခ | | | | | | ရရှိသည့်ရုံးခွန် | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | မိတ္တူကူးစာရေးအတွက် | | နိုင်ငံတော်အတွက် | | ပေါင်း | | | | |
| | | ကျပ် | ပြား | ကျပ် | ပြား | ကျပ် | ပြား | ကျပ် | ပြား | |
| ၁ | တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှုးရုံး . . . . . . . . . . . . . . . | | | | | | | | | |
| ၂ | ခရိုင်တရားရုံး . . . . . . . . . . . . . . . | | | | | | | | | |
| ၃ | မြို့နယ်တရားရုံး . . . . . . . . . . . . . . | | | | | | | | | |
| | **စုစုပေါင်း** | | | | | | | | | |

လက်မှတ် . . . . . . . . . . . . . . . .
အမည် . . . . . . . . . . . . . . . . .
ရာထူး . . . . . . . . . . . . . . . . .
ရက်စွဲ . . . . . . . . . . . . . . . . .

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၃၄၈/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

**စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေကို ပြင်ဆင်သည့် နည်းဥပဒေ**

ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၄ ခုနှစ်၊ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကို ဥပဒေအမှတ် (၂၄/၂၀၁၄) ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ရာ ယင်းဥပဒေနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် လက်ရှိလိုက်နာကျင့်သုံးလျက်ရှိသော စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေကို ပြင်ဆင်ရန် လိုအပ်သဖြင့် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေပုဒ်မ ၁၉ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤနည်းဥပဒေကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေကို **စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာနည်းဥပဒေကို ပြင်ဆင်သည့် နည်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေ ၂၊ အပိုဒ် (ဃ) ပါ "ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံး" ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အစား နည်းဥပဒေ ၂၊ အပိုဒ် (ဃ) နှင့် (င) အဖြစ် အောက်ပါ စကားရပ်များကို အစားထိုးရမည် -

(ဃ) "ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့" ဆိုသည်မှာ စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားမှုများကို ကနဦး ကြားနာဆုံးဖြတ်ရန်အတွက် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေပုဒ်မ ၇ (က) အရ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

(င) "အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့" ဆိုသည်မှာ စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားမှုများကို အပြီးသတ်ကြားနာဆုံးဖြတ်ရန်အတွက် စာချွန်တော်အမိန့်လျှောက်ထားမှု ဆိုင်ရာဥပဒေပုဒ်မ ၇ (ခ) အရ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

၃။ စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေ ၂၊ အပိုဒ် (င) ကို အပိုဒ် (စ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၄။ စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေ ၃၊ ၂၀ နှင့် ၄၅ တွင်ပါရှိသော "ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး" ဆိုသည့် စကားရပ်အစား "ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေ ၇၊ ၂၆ နှင့် ၅၀ တို့တွင် အောက်ပါ စကားရပ်ကို အစားထိုးရမည် -

"ညွှန်ကြားရေးမှူးချုပ်သည် ပြည့်စုံစွာ ဖော်ပြထားသော စာချွန်တော်အမိန့်တောင်းခံသည့် လျှောက်ထားလွှာကို ချက်ချင်း သို့မဟုတ် ကနဦး ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး သုံးဦး ပါဝင်ဖွဲ့စည်းသည့် ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့ထံ တင်ပြရမည်။"

၆။ စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေ ၈၊ ၉၊ ၁၀၊ ၁၂၊ ၂၇၊ ၂၈၊ ၃၇၊ ၅၁၊ ၅၂၊ ၅၇၊ ၆၂ တွင် ပါရှိသော "ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး" ဆိုသည့် စကားရပ်အစား "ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေ ၁၇၊ ၁၉၊ ၂၀၊ ၃၉၊ ၄၁၊ ၄၂၊ ၄၇၊ ၆၃၊ ၆၅၊ ၆၆ တို့တွင် ပါရှိသော "ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံး" ဆိုသည့် စကားရပ်အစား "အပြီးသတ် ကြားနာဆုံးဖြတ်ရေးအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေ ၁၈၊ ၄၀ နှင့် ၆၄ တို့တွင် အောက်ပါစကားရပ်ကို အစားထိုးရမည် -

"ပြည်ထောင်စုတရားသူကြီးချုပ် ကိုယ်တိုင် သဘာပတိအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး နှစ်ဦး ပါဝင်၍ဖြစ်စေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးသုံးဦး ပါဝင်၍ဖြစ်စေ ဖွဲ့စည်းသည့် "အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့" သည် လျှောက်ထားမှုကို အပြီးသတ်ကြားနာရမည်။"

၉။ စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေ ၆၈ တွင် ပါရှိသော "တစ်နှစ်" ဆိုသည့် စကားရပ်အစား "နှစ်နှစ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ထွန်းထွန်းဦး၊
ပြည်ထောင်စုတရားသူကြီးချုပ်၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၃၆၅/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်
( ၂၀၁၅ ခုနှစ်၊ မေလ ၄ ရက် )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့်မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်ခင်မာသီ<br>တ/၂၆၆၆ | ငါန်းဇွန်<br>မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒေါ်နှံ့သာနွေးနွေးဝင်း<br>တ/၂၇၄၆ | ကျောက်ဖြူ<br>ရခိုင်ပြည်နယ် |
| ၃။ | ဒေါ်ခင်ခင်အေး<br>တ/၂၆၀၂ | ညောင်ရွှေ<br>ရှမ်းပြည်နယ် |
| ၄။ | ဦးရဲထွဋ်အောင်<br>တ/၂၂၉၃ | မင်္ဂလာတောင်ညွန့်<br>ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး၊
ပြည်ထောင်စုတရားသူကြီးချုပ်၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

### ၂၀၁၄ ခုနှစ်၊ တင်သွင်းလွှာအမှတ် - ၄

ခုံရုံး ဥက္ကဋ္ဌ ဦးမြသိန်း၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်ဝင်း၊ ဦးသန်းကျော်၊ ဒေါ်လှမျိုးနွယ်၊ ဦးမြသိန်း၊ ဒေါက်တာ သီတာဦး၊ ဦးတင်မြင့်၊ ဒေါ်ကျင်စန်းနှင့် ဦးမျိုးချစ်တို့ရှေ့တွင် -

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်

တင်သွင်းလွှာတင်သွင်းသူ ဦးရားဝမ်ဂျို
ဥက္ကဋ္ဌ
ကချင်ပြည်နယ်လွှတ်တော်

| | |
|---|---|
| ပြန်လည်ရှင်းလင်းရမည့် ပုဂ္ဂိုလ် | ဦးလဂျွန်ငန်ဆိုင်း<br>ဝန်ကြီးချုပ်<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| တင်သွင်းလွှာတင်သွင်းသူအတွက် | ဦးအောင်ကျော်စိန်<br>ဦးကျော်လှထွန်း<br>တရားလွှတ်တော်ရှေ့နေများ |
| ပြန်လည်ရှင်းလင်းရမည့်ပုဂ္ဂိုလ်အတွက် | ဦးဂွမ်ဆိုင်းလီ<br>ကချင်ပြည်နယ်ဥပဒေအရာရှိ |
| ဘဏ္ဍာရေးကော်မရှင်အတွက် | ဦးမောင်မောင်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန |

**အပြီးသတ်ဆုံးဖြတ်ချက်**

ကချင်ပြည်နယ်လွှတ်တော်နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့အကြား ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များနှင့် အခြားလုပ်ပိုင်ခွင့်များအပေါ် အငြင်းပွားမှုများပေါ်ပေါက်ခဲ့ရာ ထိုအငြင်းပွားမှုများကိုအဆုံးအဖြတ်ပြုပေးရန်အတွက် ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကချင်ပြည်နယ်ဝန်ကြီးချုပ်အပေါ် ဤတင်သွင်းလွှာကိုတင်သွင်းလာခြင်းဖြစ်သည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်လွှတ်တော်သို့တင်သွင်းထားသော ၂၀၁၄ ခုနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က လိုအပ်သလိုဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်ဟူသောမူကို အခြေခံ၍ ဆွေးနွေးကြရာတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့က ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းသည် ပြည်ထောင်စု ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါအတိုင်းရေးဆွဲထားသောကြောင့် လွှတ်တော်ကဆွေးနွေးခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို ပြုလုပ်၍မရကြောင်း၊ ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာများသည် ဘဏ္ဍာရေး ကော်မရှင်မှာ အတည်ပြုပြီး၊ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုထားသောကြောင့် ပြည်နယ်လွှတ်တော်က ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို ပြုလုပ်၍မရကြောင်း၊ အကယ်၍ယင်းဥပဒေကြမ်းပါအချက်များကို ပြင်ဆင် လိုက်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈ ၏ အကျိုးသက်ရောက်မှုကြောင့် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေသည် ပြည်ထောင်စုကအတည်ပြုပြီးသော ဥပဒေနှင့်ဆန့်ကျင်နေမည်ဖြစ်၍ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်ဟု ဖော်ပြထားပါကြောင်းတို့ကို ပြည်နယ်အစိုးရက ဆွေးနွေးခဲ့သည်။ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဆွေးနွေးတင်ပြချက်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်း ရှိ မရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားချမှတ်ပေးပါရန် ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်သွင်းလွှာတင်သွင်းလာခြင်း ဖြစ်သည်။

တင်သွင်းလွှာအရ ဤခုံရုံးက အဆုံးအဖြတ်ပေးစေလိုသည့်အချက်များကို ထုတ်နုတ်ရာတွင် အောက်ပါ အတိုင်း တွေ့ရသည် -

(က) ကချင်ပြည်နယ်အစိုးရအဖွဲ့က ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းသည် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းပါအတိုင်း ရေးဆွဲထားသောကြောင့် လွှတ်တော်မှဆွေးနွေးခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို ပြုလုပ်၍မရကြောင်း၊ ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ များသည် ဘဏ္ဍာရေးကော်မရှင်ကအတည်ပြုပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုထား သောကြောင့် ပြည်နယ်လွှတ်တော်က ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို ပြုလုပ်၍မရကြောင်း ဆွေးနွေးတင်ပြချက်သည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်း ရှိ မရှိ၊

(ခ) လုပ်ငန်းတစ်ခုတည်းအပေါ် ပြည်သူ့ဆောက်လုပ်ရေးကဆောင်ရွက်မည်ဟုလည်းကောင်း၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်မည်ဟုလည်းကောင်း ဆောင်ရွက်မည့်အဖွဲ့နှစ်ဖွဲ့ပေါ်ပေါက်

နေရာ စည်ပင်သာယာရေးအဖွဲ့၏ရန်ပုံငွေကိုအခြားလုပ်ငန်းအတွက်ပြောင်းလဲသုံးစွဲရန် လွှတ်တော်က စီစဉ်ခဲ့သည်ကို ပြည်နယ်အစိုးရကကန့်ကွက်ခဲ့သည်။ လွှတ်တော်တွင် ဘဏ္ဍာရန်ပုံငွေများလွှဲပြောင်း သုံးစွဲနိုင်ခြင်းမရှိပါက ကချင်ပြည်နယ်လွှတ်တော်အနေဖြင့် ဘဏ္ဍာငွေထိန်းသိမ်းရန်ခက်ခဲမှုရှိလာ နိုင်၍ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ခြင်း ရှိ မရှိ၊

(ဂ) အင်ခိုင်ဘွမ် အမျိုးသားဥယျာဉ်တည်ထောင်ခြင်းတွင် ကျပ်သန်းပေါင်း ၁၄၄၊ ၅၀၀ သန်းခွင့်ပြု လျာထားခြင်းသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား (၂) ရှိ ဥပဒေပြု စာရင်းတွင် အမျိုးသားဥယျာဉ်မပါရှိသောကြောင့် ၎င်းခွင့်ပြုငွေကို ပြည်နယ်လွှတ်တော်က ငြင်းပယ်ခဲ့ခြင်းမှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်း ရှိ မရှိ၊

(ဃ) ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်ဘဏ္ဍာငွေအစီအစဉ်တွင်ပါဝင်သော ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများတွင် မြို့နယ်နှင့် ကျေးရွာအမည်များကွဲလွဲနေသည်ကို ပြည်နယ်လွှတ်တော်တွင် ပြင်ဆင်ခွင့်မရခြင်းသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်း ရှိ မရှိ၊

(င) ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတင်သွင်းရာတွင် လွှတ်တော်ကဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၆၇ အရ ဖွဲ့စည်းထားသည့် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ ယင်းဥပဒေကြမ်းကို စိစစ်နိုင်ရန်အတွက် လွှဲပြောင်းပေးရာတွင် ဥပဒေပြုရေးဆိုင်ရာကော်မတီသည် အခြားဥပဒေကြမ်းများ ကဲ့သို့မဟုတ်ဘဲ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအပေါ်တွင် စာသားများကိုသာ စိစစ်ခွင့် ရှိပြီး ဘဏ္ဍာငွေအရအသုံးများနှင့်ပတ်သက်၍ စိစစ်ပိုင်ခွင့်မရှိကြောင်း ကချင်ပြည်နယ်အစိုးရ အဖွဲ့၏ ဆွေးနွေးချက်များသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်ခြင်း ရှိ မရှိ၊

(စ) ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၈ ပါ "အာဏာပိုင် အဖွဲ့အစည်းနှင့် အာဏာပိုင်ပုဂ္ဂိုလ်" ဆိုသည့် စကားရပ်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးက အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးပါရန်၊

(ဆ) ၂၀၁၃ ခုနှစ် ကချင်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၆၄ အရ ဖွဲ့စည်း ထားသည့် လွှတ်တော်ကော်မတီနှင့် အဖွဲ့များက မေးမြန်းလိုသည့်ကိစ္စများကို ဖြေကြားစေရန် ပြည်နယ်အဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား အဆင်ပြေစွာ စီမံဆောင်ရွက်ပေးမှုမရှိခဲ့သော ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်သည် ၂၀၁၃ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၆၄ ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ခြင်း ရှိ မရှိ၊

(ဇ) ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ်အတွက် ထုတ်ပြန်မည့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ငွေစာရင်းခေါင်းစဉ်များကို အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လွှဲပြောင်းသုံးစွဲနိုင်ကြောင်း ထည့်သွင်းရေးဆွဲထားပါသည်။ ယခင်နှစ်များက ရေးဆွဲခဲ့သည့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ငွေစာရင်းခေါင်းစဉ် များကို အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်သုံးစွဲပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော် အစည်းအဝေးတွင် တင်ပြအတည်ပြုချက်ရယူရမည်ဟု ရေးဆွဲထားပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဥပဒေပြုရေးဆိုင်ရာကော်မတီအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါစာသားများအတိုင်း ပြင်ဆင်ဖြည့်စွက်ရာတွင် အစိုးရအဖွဲ့ အနေဖြင့် ထိုစာသားများအား ထည့်သွင်းစရာမလိုအပ်ကြောင်း ဆွေးနွေးချက်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ၊

(ဈ) ကချင်ပြည်နယ်အစိုးရအဖွဲ့က ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်နေ့တွင် ဇန်နဝါရီလမှ ဇွန်လ အထိ (၆) လပတ်အစီရင်ခံစာကို လွှတ်တော်သို့ နောက်ဆုံးတင်သွင်းခဲ့ပြီးနောက် (၆) လပတ် အစီရင်ခံစာ တင်သွင်းခြင်းမရှိတော့သည့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်၊ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ခြင်း ရှိ မရှိ၊

(ည) ပြည်ထောင်စုအစိုးရက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ရန်ပုံငွေကျပ် ၁၅ ဘီလီယံကို ကချင်ပြည်နယ်အတွက်ခွင့်ပြုခဲ့ရာ ပြည်နယ်အစိုးရအဖွဲ့က ဤရန်ပုံငွေသည် ပြည်နယ်အစိုးရ၏ အစီအမံဖြင့်သာ စီစဉ်ဆောင်ရွက်စေရေးအတွက် သီးသန့် ခွင့်ပြုချထားပေးခြင်းဖြစ်၍ လွှတ်တော်တွင်ဆွေးနွေးရန်၊ လွှတ်တော်ကိုယ်စားလှယ်များ ဝင်ရောက် ပါဝင်ဆောင်ရွက်ရန်မလိုကြောင်း ဆွေးနွေးခဲ့သော ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်သည် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်း ရှိ မရှိ၊

(ဋ) လယ်ယာမြေပြဿနာ ညှိနှိုင်းဖြေရှင်းရေးအဖွဲ့တွင် ယင်းကိစ္စနှင့်သက်ဆိုင်ခြင်းမရှိသော ဝန်ကြီးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အခြားလိုအပ်သော ဌာနဆိုင်ရာ တာဝန်ရှိ ဝန်ထမ်းများကိုပါ ထည့်သွင်းပါဝင်ရန် ပြည်နယ်အစိုးရက ခွင့်မပြုခဲ့သဖြင့် လွှတ်တော်မှ ဖွဲ့စည်းသောကော်မတီနှင့် အဖွဲ့တွင် ဝန်ကြီးများနှင့် နိုင်ငံ့ဝန်ထမ်းများ ထည့်သွင်းဖွဲ့စည်းခြင်းသည် ဥပဒေနှင့် ဆန့်ကျင်ခြင်း ရှိ မရှိ၊

(ဌ) ကချင်ပြည်နယ်လွှတ်တော်က စည်ပင်သာယာရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကော်မတီသို့ မြေနှင့်စပ်လျဉ်း၍ တိုင်ကြားချက်အပေါ် လေ့လာစိစစ်မေးမြန်းနိုင်ရန်တာဝန်ပေးအပ် ခဲ့ရာ ယင်းကော်မတီက သက်ဆိုင်ရာဌာန တာဝန်ခံများ၊ ပုဂ္ဂိုလ်များအား ကချင်ပြည်နယ်လွှတ်တော် ရုံးသို့ စေလွှတ်ပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့သို့ ညှိနှိုင်းစာပေးပို့ခဲ့ရာ ကချင်ပြည်နယ် ဝန်ကြီးချုပ်က အုပ်ချုပ်ရေးမှူးများအား ခေါ်ယူခြင်းခွင့်မပြုနိုင်ပါဆိုသည့် မှတ်ချက်နှင့် ယင်းကိစ္စနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ်ဥပဒေချုပ်၏ဥပဒေအကြံပြုချက်များသည် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက် များနှင့် ညီညွတ်မှု ရှိ မရှိ တို့ဖြစ်သည်။

ပြန်လည်ရှင်းလင်းရမည့်ပုဂ္ဂိုလ် ကချင်ပြည်နယ်ဝန်ကြီးချုပ်က တင်သွင်းလွှာပါအချက် (က) နှင့် (ခ)တို့တွင် ဖော်ပြထားသော ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းရာတွင် လွှတ်တော်၏ဆုံးဖြတ်ပိုင်ခွင့်များ ကိစ္စအတွက် ချေပရာ၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပြုစုရာတွင် ရှေးဦးစွာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်ကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာရေး ကော်မရှင်က ချမှတ်ထားသောမူဘောင်အတွင်းမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက ရေးဆွဲပြုစုရကြောင်း၊ ယင်းသို့ရေးဆွဲပြုစုသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်ကို လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၄ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၃၄ အရ လွှတ်တော်သို့ တင်သွင်းရမည်ဖြစ်ကြောင်း၊ လွှတ်တော်တွင် ဆွေးနွေး အကြံပြုပြီးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၃၅ ပထမပိုင်းအရ တင်ပြညှိနှိုင်းရမည်ဖြစ်ကြောင်း၊ ထိုသို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တင်ပြသော အရအသုံးငွေစာရင်းများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၃၀ (ခ) နှင့်အညီ နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုတိယသမ္မတတစ်ဦးက ဦးဆောင်စိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံးငွေစာရင်းလျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြခြင်းပြုရပါကြောင်း ချေပသည်။

ဆက်လက်ချေပရာတွင် ဘဏ္ဍာရေးကော်မရှင်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအား ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်တင့်လျောက်ပတ်စွာဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စရပ် တစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ လိုအပ်မည့် ချေးငွေများထုတ်ချေးခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၀ (ဃ) အရ ဆောင်ရွက်ကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ဘဏ္ဍာရေး ကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် ပြည်နယ်အတွက် ပြည်ထောင်စုဘဏ္ဍာငွေမှ ရရှိသည့်ဘဏ္ဍာငွေများ ပါဝင်သော ပြည်နယ်အရအသုံးခန့်မှန်းစာရင်းကို ဝန်ကြီးချုပ်၏ ထောက်ခံချက်ဖြင့် ပြည်နယ်လွှတ်တော်သို့ တင်ပြ အတည်ပြုချက်ရယူခြင်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၃၅ ဒုတိယပိုင်းအရ ဆောင်ရွက်ရပါကြောင်းချေပသည်။

ဆက်လက်ချေပရာတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသည့် ၂၀၁၄ ခုနှစ်၊ ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃(ခ)အရ ကချင်ပြည်နယ်လွှတ်တော်က လိုအပ်သလို ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ယင်းဥပဒေပုဒ်မ ၁၉၃ (ခ) (၁)၊ (၂)၊ (၃)၊ (၄) နှင့် (၅)ပါ အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လွှတ်တော်တွင်ဆွေးနွေးပိုင်ခွင့်ရှိသော်လည်း ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်း မပြုလုပ်နိုင်ကြောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသည့် ၂၀၁၄ ခုနှစ်၊ ကချင်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ အရ ကချင်ပြည်နယ်လွှတ်တော်က လိုအပ်သလို ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့် ဆောင်ရွက်ပိုင်ခွင့်ရှိကြောင်း ချေပသည်။

ဆက်လက်၍ ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းသည် ကချင်ပြည်နယ်လွှတ်တော် နည်းဥပဒေ ၁၄၅ မှ ၁၅၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုတင်သွင်းသော ဥပဒေကြမ်းသည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သော ပြည်ထောင်စုဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေနှင့်အညီ ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ ယင်းဥပဒေကြမ်းအား ပြင်ဆင်ရန်ဆိုသည်မှာ ဥပဒေကြမ်း၏ စာသားများကို ပြောခြင်းဖြစ်ကြောင်း၊ လျှော့ချခြင်း၊ ဖြတ်တောက်ခြင်းဆိုသည်မှာ မပါကြောင်း ကချင်ပြည်နယ် အစိုးရအဖွဲ့က တင်ပြခဲ့ခြင်းသာဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိပါကြောင်း ချေပခဲ့သည်။

ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃(က)ပါ "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းကို သတ်မှတ်ထားသည့်နည်းလမ်းနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်" ဆိုသည့် ပြဋ္ဌာန်းချက်အရ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ သက်ဆိုင်ရာဌာန၊ လုပ်ငန်းနှင့် ငွေစာရင်းခေါင်းစဉ်တို့ကို လျာထားခြင်း ပြုခွင့်ရှိကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၄ ပါ "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေသုံးငွေလျာထားချက်ကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်" ဆိုသည့် ပြဋ္ဌာန်းချက် အရလည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေသုံးငွေလျာထားခြင်းသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏လုပ်ပိုင်ခွင့်ဖြစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏တင်ပြချက်ကို လွှတ်တော်က အဆုံးအဖြတ်ပေးခြင်းသည် လွှတ်တော်၏လုပ်ပိုင်ခွင့်ဖြစ်ကြောင်း၊ လွှတ်တော်၏သဘောထားကို ညှိနှိုင်းစာပေးပို့လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးချက်သည် အစိုးရ အဖွဲ့၏ လွှတ်တော်အပေါ် လိုက်လျောမှုရှိသည့် ဆွေးနွေးချက်ဖြစ်ကြောင်း တွေ့ရှိရပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ အရ ပြဋ္ဌာန်းချက်နှင့် တစ်စုံတစ်ရာဆန့်ကျင်ခြင်းမရှိပါကြောင်းချေပခဲ့သည်။ ထို့နောက် ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌတင်ပြခဲ့သော အခြားအချက်များအပေါ်တွင်လည်း ရှင်းလင်းချေပမှုများ ပြုလုပ်ခဲ့သည်။

ကချင်ပြည်နယ်လွှတ်တော်တွင် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေရေးဆွဲအတည်ပြုရာ၌ အငြင်းပွားနေသည့်အချက်များအပေါ် ဘဏ္ဍာရေးကော်မရှင်၏ သဘောထားမှတ်ချက်အပြည့်အစုံမှာ -

တင်သွင်းလွှာအရ ခုံရုံးက ဖြေကြားစေလိုသည့်အချက် (က) နှင့် စပ်လျဉ်း၍ -

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၃၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့တွင် ပြဋ္ဌာန်းထားချက်များအရ ပြည်ထောင်စု၏ အသုံးစရိတ်များကို ပုဒ်မခွဲ (ခ) ပါ အသုံးစရိတ်များမှအပ အခြားအသုံးစရိတ် များအတွက်ကို ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်နိုင်ပါသည်။

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ နည်းဥပဒေ ၁၃၉၊ ၁၄၀၊ ၁၄၁ နှင့် ၁၄၂ တို့အရ ပြည်နယ်အစိုးရ၏အသုံးစရိတ်များကို လွှတ်တော်တွင်ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်နိုင်ပါသည်။

(၃) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၀၊ ပုဒ်မခွဲ (ခ) (ဂ) (ဃ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဘဏ္ဍာရေးကော်မရှင်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ လိုငွေအတွက် ဖြည့်ဆည်း

ပေးခြင်း၊ အထူးကိစ္စရပ်များအတွက် ထောက်ပံ့ခြင်း၊ ထုတ်ချေးငွေခွင့်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ ယင်းသို့ဆောင်ရွက်ပေးမှုကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက လွှတ်တော်တွင် လိုအပ်သလို ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်နိုင်ပါသည်။

(၄) အကယ်၍ ပြည်နယ်လွှတ်တော်က ငြင်းပယ်ခြင်း သို့မဟုတ် လျှော့၍ခွင့်ပြုခြင်းတို့ကြောင့် ပြည်နယ်အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် အသုံးစရိတ်များ လျော့နည်းသွားပါက ပြည်ထောင်စု၏ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း ရေးဆွဲသည့်အချိန်တွင် ပြည်ထောင်စုမှ ဖြည့်ဆည်းပေးမည့်ငွေကို ပြန်လည်ပြင်ဆင်နိုင်ပါသည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း ရေးဆွဲသည့်အချိန်ထက်ကျော်လွန်ခဲ့ပါက အမှန်စာရင်းတွင် အမှန်ဖြည့်ဆည်းပေးသည့် ငွေအတိုင်း ထည့်သွင်းနိုင်ပါသည်ဟု ဖော်ပြထားသည်။

တင်သွင်းလွှာအရ ခုံရုံးက ဖြေကြားပေးစေလိုသည့်အချက် (ခ) နှင့် စပ်လျဉ်း၍ -

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ အရ ပြည်နယ်လွှတ်တော်သည် ပြည်နယ်အစိုးရက တင်သွင်းလာသည့် အရအသုံးခန့်မှန်းခြေငွေစာရင်းအပေါ် အသုံးစရိတ်များကို လွှတ်တော်တွင် ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်နိုင်ပါသည်။

(၂) ပြည်နယ်အစိုးရသည် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်သင့်ကြောင်းသုံးသပ်ရရှိပါသည်ဟု ဖော်ပြထားသည်။

တင်သွင်းလွှာအရ ခုံရုံးက ဖြေကြားပေးစေလိုသည့်အချက် (ဂ) နှင့် စပ်လျဉ်း၍ -

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၁) ပြည်ထောင်စုဥပဒေပြုစာရင်းအပိုဒ် ၆ (ဆ) တွင် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့်သဘာဝနယ်မြေများအပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေးဟူ၍ပါရှိပြီး ဇယား (၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းအပိုဒ် ၄ (င) တွင်အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဟူ၍ ပါရှိသည်ကိုတွေ့ရပါသည်။

(၂) အမျိုးသားဥယျာဉ်သည် ပြည်ထောင်စုဥပဒေပြုစာရင်း သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်ပါဝင်ခြင်း ရှိ မရှိကို တိကျစွာ ဖော်ပြထားခြင်းမရှိပါ။

(၃) သို့ဖြစ်၍ အင်ခိုင်ဘွမ်အမျိုးသားဥယျာဉ် တည်ထောင်ခြင်းသည် ဥယျာဉ်၏ အကျယ်အဝန်း၊ ထိန်းသိမ်းရမည့် နယ်မြေဒေသအနေအထားအရ ပြည်ထောင်စုအဆင့်က ဆောင်ရွက်ရမည် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်က ဆောင်ရွက်ရမည်ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့က စိစစ်ညှိနှိုင်း၍ လိုအပ်သောလမ်းညွှန်မှုကို ချမှတ်ပေးမှသာ မည်သည့်ဘတ်ဂျက်က အသုံးပြုရမည်ကို ခွဲခြား ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(၄) သို့ဖြစ်ပါ၍ ဤအချက်အပေါ် ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒနှင့်သဘောထားကို တောင်းခံပြီးမှသာ ဆုံးဖြတ်သင့်သည်ဟု သုံးသပ်ရရှိပါသည်ဟု ဖော်ပြထားသည်။

တင်သွင်းလွှာအရ ခုံရုံးက ဖြေကြားပေးစေလိုသည့်အချက် (ဃ) နှင့် စပ်လျဉ်း၍ -

(၁) ယင်းကိစ္စသည် ပြည်ထောင်စုဝန်ကြီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများတွင် မြို့နယ်နှင့်ကျေးရွာကွဲလွဲမှုများရှိနေခြင်း ဖြစ်ပါသည်။

(၂) ငွေလုံးငွေရင်း အသုံးစရိတ်များကို မြို့နယ်နှင့် ကျေးရွာများအား ပြင်ဆင်လျာထားလိုပါက ပြည်နယ်လွှတ်တော်က ပြည်နယ်အစိုးရအဖွဲ့သို့ အကြောင်းကြားခြင်း၊ ပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြောင်းကြားခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနက အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့နှင့်

ညှိနှိုင်း၍ ရန်ပုံငွေလွှဲပြောင်း သုံးစွဲခြင်းဆိုင်ရာဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်ဟု ဖော်ပြထားသည်။

တင်သွင်းလွှာအရ ခုံရုံးက ဖြေကြားပေးစေလိုသည့်အချက် (င) နှင့် စပ်လျဉ်း၍ -

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ နှင့် ၁၉၄ တို့အရ ပြည်နယ်အစိုးရက တင်သွင်းလာသည့် အရအသုံးစာရင်းကို ပြည်နယ်လွှတ်တော်က လိုအပ်သလို ဆွေးနွေး၍ သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ပြီး အဆုံးအဖြတ်ပြုနိုင်ပါသည်။

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇ (က) အရ ပြည်နယ်လွှတ်တော်သည် ဥပဒေပြုရေးအတွက် လိုအပ်သည့်ကော်မတီကို ဖွဲ့စည်းဆောင်ရွက်နိုင်ပါသည်။

(၃) သို့ဖြစ်၍ ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့် ဥပဒေပြုရေးဆိုင်ရာ ကော်မတီသည် ဘဏ္ဍာငွေ အရအသုံးဥပဒေကို အတည်ပြုရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ကြောင်း သုံးသပ်ရရှိပါသည်ဟု ဖော်ပြထားသည်။

တင်သွင်းလွှာအရ ခုံရုံးက ဖြေကြားပေးစေလိုသည့်အချက် (ဇ) နှင့် စပ်လျဉ်း၍ -

(၁) ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများတွင် ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအရအသုံးဆိုင်ရာဥပဒေအရ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ အဆင့်ဆင့်သော လုပ်ပိုင်ခွင့်များဖြင့် လွှဲပြောင်းသုံးစွဲနိုင်ပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရန် မလိုအပ်ပါ။ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရပါမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရပါမည်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများတွင် ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သာမန် သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းအတွက်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲ သုံးစွဲခြင်းအတွက်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ သုံးငွေပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြသော သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း များတွင် ထည့်သွင်းဖော်ပြရပါမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသောငွေများပြောင်းလဲခြင်းကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက် များနှင့်အတူ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း အနီးစပ်ဆုံးကျင်းပသည့် ပြည်ထောင်စု လွှတ်တော်သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

(၂) အထက်ပါ သာဓကကိုယူ၍ ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် လိုအပ်သလို ရေးဆွဲပြဋ္ဌာန်းဆောင်ရွက်သင့်ကြောင်း သုံးသပ်ရရှိပါသည်ဟု ဖော်ပြထားသည်။

တင်သွင်းလွှာအရ ခုံရုံးက ဖြေကြားပေးစေလိုသည့်အချက် (ဉ) နှင့် စပ်လျဉ်း၍ -

(၁) ဤထောက်ပံ့ငွေသည် ပြည်နယ်ဘဏ္ဍာငွေမှ သုံးစွဲခြင်းမဟုတ်ဘဲ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ အထူးကိစ္စရပ်အနေဖြင့် ပြည်နယ်သို့ ထောက်ပံ့ပေး၍ သုံးစွဲခြင်းဖြစ်ပါသည်။

(၂) ယင်းကိစ္စအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၂-၅-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁၁၃၄/၃၄၉-ညွှန်ကြား ၃-၂/အဖရ (၂၀၁၄) ဖြင့် ညွှန်ကြားထားပါသည်။

(၃) ထို့အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အဆိုပါညွှန်ကြားချက်နှင့်အညီ သုံးစွဲအကောင်အထည်ဖော် ရမည်ဖြစ်ပါသည်။ သုံးစွဲမည့် လုပ်ငန်းများအား ပြည်နယ်အစိုးရအဖွဲ့က လျာထားရန်ဖြစ်ပြီး

ပြည်နယ်လွှတ်တော်အနေဖြင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆွေးနွေးအတည်ပြုရန် ဖြစ်ပါသည်ဟု ဖော်ပြထားကြောင်း တွေ့ရှိရသည်။

တင်သွင်းလွှာ၊ ပြန်လည်ရှင်းလင်းလွှာနှင့် ဘဏ္ဍာရေးကော်မရှင်၏ သဘောထားတင်ပြချက်အပေါ် အခြေခံပြီး ဤခုံရုံးကကြားနာဆုံးဖြတ်မည့်အချက်ကို အောက်ပါအတိုင်း သတ်မှတ်ခဲ့သည် -

"ကချင်ပြည်နယ်အစိုးရအဖွဲ့က ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းသည် ပြည်ထောင်စု ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းပါအတိုင်း ရေးဆွဲထားသောကြောင့် လွှတ်တော်မှ ဆွေးနွေးခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကိုပြုလုပ်၍မရကြောင်း ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာများသည် ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်မှ အတည်ပြုပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုထား သောကြောင့် ပြည်နယ်လွှတ်တော်မှ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို ပြုလုပ်၍မရကြောင်း ဆွေးနွေး တင်ပြခဲ့သည်။

၂၀၁၄ ခုနှစ်၊ ကချင်ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်းရေးဆောင်ရွက်ရာတွင် ပေါ်ပေါက်ခဲ့သည့် အထက်ဖော်ပြပါအချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၃ နှင့် အခြားဆက်စပ် ပြဋ္ဌာန်းချက်များတွင် အကျုံးဝင်မဝင် အဓိပ္ပာယ်ဖွင့်ဆိုရေးကိစ္စကိုသာ ကြားနာဆုံးဖြတ်မည်ဖြစ်ကြောင်း"

ဤခုံရုံးက ကြားနာဆုံးဖြတ်မည့်ကောက်ချက်အပေါ် ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့နေက လျှောက်လဲရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) ကို ကိုးကားတင်ပြသည်။ ထို့နောက် ကချင်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၁၄၅ မှ ၁၄၈ အထိကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ နည်းဥပဒေများအမှတ် ၇/ ၂၀၁၀) နည်းဥပဒေ ၁၃၉ မှ ၁၄၂ အထိကို ဖော်ပြကိုးကားသည်။

ဆက်လက်လျှောက်လဲရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၀၊ ပုဒ်မခွဲ (ခ) တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံးငွေစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ကျန်ဒုတိယသမ္မတ တစ်ဦးက ဦးဆောင်စိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံးငွေစာရင်းလျာထားချက်ကို ဘဏ္ဍာရေး ကော်မရှင်သို့ တင်ပြရမည်" ဟူ၍လည်းကောင်း၊ ပုဒ်မခွဲ (ဂ) တွင် "ဘဏ္ဍာရေး ကော်မရှင်သည် - (၁) ပြည်ထောင်စု နယ်မြေ အသုံးစရိတ်များပါရှိသော ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများခွင့်ပြုခြင်းအပါအဝင် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်း သို့မဟုတ် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်သို့ ထောက်ခံတင်ပြရမည်။ (၂) ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်သင့်သည့် ကိစ္စများကို အကြံပြုနိုင်ရေး အတွက် ဆောင်ရွက်ရမည်။ (၃) ခိုင်မာသော ဘဏ္ဍာရေးစနစ်ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ တာဝန်ပေးအပ်သည့်ကိစ္စရပ်များကိုဆောင်ရွက်ရမည်" ဟူ၍လည်းကောင်း၊ ပုဒ်မခွဲ (ဃ) တွင် "ဘဏ္ဍာရေးကော်မရှင်သည် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် များအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်တင့်လျောက်ပတ်စွာဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ လိုအပ်မည့်ချေးငွေများထုတ်ချေးခြင်းတို့ပါဝင်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရေးအတွက် နိုင်ငံတော်သမ္မတ ထံသို့ ထောက်ခံတင်ပြရမည်" ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါကြောင်း လျှောက်လဲသည်။

ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၀၊ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ) တို့ပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးမှုကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် များက လွှတ်တော်တွင် လိုအပ်သလို ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့် အညီ ဆောင်ရွက်နိုင်ပါကြောင်း၊ အကယ်၍ ပြည်နယ်လွှတ်တော်ကငြင်းပယ်ခြင်း သို့မဟုတ် လျှော့၍ခွင့်ပြုခြင်း တို့ကြောင့် ပြည်နယ်အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် အသုံးစရိတ်များလျော့နည်းသွားပါက ပြည်ထောင်စု၏ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းရေးဆွဲသည့်အချိန်တွင် ပြည်ထောင်စုမှ ဖြည့်ဆည်းပေးမည့်ငွေကို ပြန်လည်ပြင်ဆင် နိုင်ပါကြောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း ရေးဆွဲသည့်အချိန်ထက် ကျော်လွန်ခဲ့ပါက အမှန်စာရင်းတွင် အမှန်ဖြည့်ဆည်းပေးသည့်ငွေအတိုင်း ထည့်သွင်းနိုင်ပါကြောင်း လျှောက်လဲသည်။

ဆက်လက်၍ ကချင်ပြည်နယ်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ ၂၀၁၃ ခုနှစ် ကချင်ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေတို့အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ လျာထားချက်ကို ပြည်ထောင်စု၏ဘဏ္ဍာရေးကော်မရှင်သို့တင်ပြ ညှိနှိုင်းပြီးနောက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်နှင့်အတူ တင်သွင်းလာပါက လွှတ်တော်တွင် လိုအပ်သလို ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ခွင့် ရပါကြောင်း လျှောက်လဲသည်။

သို့ရာတွင် ကချင်ပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ် လွှတ်တော်သို့ တင်သွင်းထားသော ၂၀၁၄ ခုနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အစည်းအဝေး (၁၇) ရက်မြောက်နေ့တွင် ယင်းဥပဒေကြမ်းအား ကချင်ပြည်နယ်လွှတ်တော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ နှင့် ၂၀၁၃ ခုနှစ်ကချင်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၁၄၇ တို့အရ လိုအပ်သလိုဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်း တို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်ဟု ပါရှိသည့်အတိုင်း ဆောင်ရွက်ရာတွင် ကချင်ပြည်နယ်အစိုးရ အဖွဲ့က ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းသည် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ အတိုင်း ရေးဆွဲထားသောကြောင့် လွှတ်တော်မှ ဆွေးနွေးခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို ပြုလုပ်၍ မရကြောင်း၊ ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာများသည် ဘဏ္ဍာရေးကော်မရှင်မှ အတည်ပြုပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုထားသောကြောင့် ပြည်နယ်လွှတ်တော်မှ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို ပြုလုပ်၍မရကြောင်း၊ အကယ်၍ ယင်းဥပဒေကြမ်းပါအချက်များကို ပြင်ဆင်လိုက်လျှင် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၉၈ ၏ အကျိုးသက်ရောက်မှုကြောင့် ပြည်နယ်လွှတ်တော်မှ ပြဋ္ဌာန်းသောဥပဒေသည် ပြည်ထောင်စုက အတည်ပြုပြီးသား ဥပဒေနှင့်ဆန့်ကျင်နေမည်ဖြစ်၍ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည် ဖြစ်ကြောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဆွေးနွေးချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃၊ ပုဒ်မ ၂၅၀၊ ၂၀၁၃ ခုနှစ် ကချင်ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၄၈ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ နည်းဥပဒေများအမှတ် ၇/၂၀၁၀) နည်းဥပဒေ ၁၃၉၊ ၁၄၀၊ ၁၄၁၊ ၁၄၂ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ကွဲလွဲသည်မှာ မြင်သာနေပါကြောင်းလျှောက်လဲသည်။

ဤတင်သွင်းလွှာပါ ၂၀၁၄ ခုနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ်လွှတ်တော်နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့အကြား ဥပဒေဆိုင်ရာ အငြင်းပွားမှုသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် အငြင်းပွားမှုသက်သက်သာမကဘဲ နှစ်အလိုက် တင်သွင်းသည့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော် တွင် လိုအပ်သလိုဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့် အညီ ဆောင်ရွက်ခွင့် ရှိ၊ မရှိ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအကြားတွင် နှစ်အလိုက် တင်သွင်းသည့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းများကို ဆွေးနွေးဆုံးဖြတ်ရာတွင် လမ်းညွှန်ချက်များ ဖြစ်လာစေရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်နှင့် သဘောထား ရယူရန် ခုံရုံးသို့ တင်သွင်းလွှာလျှောက်ထားတင်ပြရခြင်းဖြစ်ပါကြောင်း အထူးလျှောက်လဲ တင်ဆက်အပ်ပါသည်ဟု လျှောက်လဲသည်။

ရှင်းလင်းလွှာတင်သွင်းသည့် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ကချင်ပြည်နယ် ဥပဒေအရာရှိက လျှောက်လဲ ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာ အရအသုံးဆိုင်ရာလျာထားချက်ကို သက်ဆိုင်ရာဘဏ္ဍာရေး ကော်မရှင်က ချမှတ်ထားသော မူဘောင်အတွင်းမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီး ဌာနက ရေးဆွဲပြုစုခြင်း၊ ယင်းသို့ရေးဆွဲပြုစုသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ လျာထားချက်ကို လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၉၃ (က) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၃၄ အရ

တင်သွင်းရမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လွှတ်တော်တွင် ဆွေးနွေးအကြံပြုပြီးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအရအသုံးဆိုင်ရာလျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၃၅ ပထမပိုင်းအရ တင်ပြညှိနှိုင်းရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တင်ပြသော အရအသုံးငွေစာရင်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၀ (ခ) နှင့်အညီ နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုတိယသမ္မတတစ်ဦးက ဦးဆောင်စိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးငွေစာရင်းလျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြညှိနှိုင်းရမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးကော်မရှင်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာရန်ပုံငွေများကို သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ လိုအပ်မည့်ချေးငွေများထုတ်ချေးပေးခြင်းတို့ ပါဝင်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံသို့ ထောက်ခံတင်ပြခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၀ (ဃ) အရ ဆောင်ရွက်ရပါကြောင်း လျှောက်လဲသည်။

ဆက်လက်လျှောက်လဲရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းပြီးနောက် မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံးခန့်မှန်းခြေ ငွေစာရင်းကို ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူခြင်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဥပဒေပုဒ်မ ၃၅ ဒုတိယပိုင်းအရ ဆောင်ရွက်ရပါကြောင်း၊ ကချင်ပြည်နယ်အစိုးရသည် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနက ရေးဆွဲပြုစုပေးသည့် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တင်သွင်းခြင်းမပြုမီ ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးနိုင်ရန်တင်သွင်းခြင်းနှင့် ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးအကြံပြုပြီးသော ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်ကို ပြည်နယ်အစိုးရအဖွဲ့က ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြညှိနှိုင်းပြီးနောက် ပြည်နယ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေများအပါအဝင် ပြည်နယ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို ဝန်ကြီးချုပ်၏ထောက်ခံတင်ပြချက်ဖြင့် ပြည်နယ်လွှတ်တော်သို့ထပ်မံတင်ပြ၍ အတည်ပြုချက်ရယူခြင်းဟူ၍ အပိုင်းနှစ်ပိုင်းဆောင်ရွက်ရပါကြောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ကတင်သွင်းသည့် ၂၀၁၄ ခုနှစ်၊ ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ ပုဒ်မခွဲ (ခ) အရ ကချင်ပြည်နယ်လွှတ်တော်က လိုအပ်သလိုဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ယင်းဥပဒေပုဒ်မ ၁၉၃ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၄) နှင့် (၅) ပါ အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသော်လည်း ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်း မပြုလုပ်နိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကချင်ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသည့် ၂၀၁၄ ခုနှစ်၊ ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၄) နှင့် (၅) ပါ အသုံးစရိတ်များမှအပ ကျန်အသုံးစရိတ်များကို ကချင်ပြည်နယ်လွှတ်တော်က လိုအပ်သလို ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့် ဆောင်ရွက်ခွင့်ရှိပါကြောင်း၊ ကချင်ပြည်နယ်လွှတ်တော်တွင် ၂၀၁၄ ခုနှစ်၊ ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၅ အရ ကချင်ပြည်နယ်အစိုးရက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးကော်မရှင်က ချမှတ်ထားသော မူဘောင်အတွင်းမှ ရေးဆွဲပြုစုပြီး ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်ကို ကချင်ပြည်နယ်လွှတ်တော်သို့ ကချင်ပြည်နယ်အစိုးရအဖွဲ့က တင်ပြခဲ့ပါကြောင်း၊ ယင်းနည်းဥပဒေ ၁၄၆ အရ ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် နည်းဥပဒေ ၁၄၅ အရ ပေးပို့သော ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်၏ အကြံပြုချက်များကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပြန်ပို့ခဲ့ပါကြောင်း၊ ကချင်ပြည်နယ်အစိုးရက ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်ကို ပြည်ထောင်စုဘဏ္ဍာရေး ကော်မရှင်သို့ တင်ပြညှိနှိုင်းပြီးနောက် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ကချင်ပြည်နယ်အတွက် ပြည်ထောင်စုဘဏ္ဍာငွေမှ ရရှိသည့် ဘဏ္ဍာငွေများ အပါအဝင် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်နှင့်အတူ ကချင်ပြည်နယ်လွှတ်တော်သို့ တင်သွင်းခဲ့ပါကြောင်း၊ ယင်းသို့ တင်သွင်းသည့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအပေါ် ကချင်ပြည်နယ်လွှတ်တော်က နည်းဥပဒေ ၁၄၇ မှ ၁၅၁ ပါ

ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုတင်သွင်းသည့် ဥပဒေကြမ်းသည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သော ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ရေးဆွဲထားပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှရရှိသည့် ဘဏ္ဍာငွေများ ဖြစ်ကြောင်း၊ ကချင်ပြည်နယ်လွှတ်တော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) မှ (၅) ပါအသုံးစရိတ်များမှအပ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါအချက်များကို လိုအပ်သလိုဆွေးနွေး၍ အများသဘောဆန္ဒနှင့် ဆုံးဖြတ်ကြရာတွင် လျှော့ချခွင့်ပြုခြင်းကို ပြုလုပ်၍ရပါကြောင်း၊ သို့ရာတွင် လျှော့၍ ခွင့်ပြုခြင်းအားဖြင့် ဘတ်ဂျက် Budget Allotment လျှော့ကျသွားသကဲ့သို့ ကချင်ပြည်နယ်အတွက် ဆုံးရှုံးမှုတစ်ရပ်အနေနှင့် ဖြစ်လာနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဖြတ်တောက်ခြင်း၊ လျှော့ချခြင်းပြုရန် မသင့်ကြောင်း တင်ပြခဲ့ခြင်းသာဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိပါကြောင်း လျှောက်လဲသည်။

ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက ဘဏ္ဍာရေးကော်မရှင်၏ သဘောထားများကို ၎င်း၏တင်ပြလွှာပါအတိုင်း လျှောက်လဲတင်ပြသည်။

နှစ်ဖက်လျှောက်လဲတင်ပြချက်နှင့် ဘဏ္ဍာရေးကော်မရှင်၏ သဘောထားတင်ပြချက်များကို စိစစ်ပါက ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းရာတွင် ပြည်နယ်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ ပုဒ်မခွဲ (ခ) ပထမပိုင်းအရ ဆောင်ရွက်ပိုင်ခွင့်ရှိသည်ဟူသော အချက်နှင့်စပ်လျဉ်း၍ ကွဲလွဲချက်မတွေ့ရပေ။

တင်သွင်းလွှာပါ အကြောင်းအရာများကိုစိစစ်ရာတွင် ရှေ့တွင်ဖော်ပြသည့်အတိုင်းအမှတ်စဉ် (က) မှ (ဋ) အထိ ၁၂ ချက်တွေ့ရသည်။ ဤခုံရုံးက ဆုံးဖြတ်ရန်အချက်များကို သတ်မှတ်ရာ၌ တင်သွင်းလွှာ၊ ရှင်းလင်းလွှာနှင့် အကျိုးသက်ဆိုင်သောဌာန၏ တင်ပြချက်အပေါ် မူတည်၍ နှစ်ဖက်အငြင်းပွားသောအချက်ကို အခြေခံပြီး သတ်မှတ်ရသည်မှန်သော်လည်း အငြင်းပွားသည့်အချက်တိုင်းကို ဆုံးဖြတ်ရန်အချက်အဖြစ်သတ်မှတ်ရန်မဟုတ်ပေ။ ဤခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကိုသာ အဆုံးအဖြတ်ပေးရမည်ဖြစ်သည်။ တင်သွင်းလွှာပါ အငြင်းပွားမှုအများစုမှာ ပြည်နယ်အတွက် ချပေးသော ဘဏ္ဍာရန်ပုံငွေများကို မည်သို့သုံးစွဲသင့်ကြောင်း အငြင်းပွားနေခြင်းဖြစ်ပြီး ထိုအငြင်းပွားမှုများကို ပြည်နယ်လွှတ်တော်ဥပဒေ၊ ပြည်နယ်အစိုးရအဖွဲ့ဥပဒေ၊ ဘဏ္ဍာရေးဆိုင်ရာဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီသာ ဖြေရှင်းရမည်ဖြစ်၍ ဤခုံရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ ပါ ပြဋ္ဌာန်းချက်နှင့်စပ်လျဉ်းသည့် အငြင်းပွားချက်တစ်ရပ်ကိုသာ ကြားနာဆုံးဖြတ်မည့် အချက်အဖြစ်သတ်မှတ်ပြီး ၁၇-၃-၂၀၁၅ ရက်နေ့တွင် ကြားဖြတ်အမိန့်ချမှတ်ပေးခဲ့ခြင်းဖြစ်သည်။ ဘဏ္ဍာရေးကော်မရှင်၏ သဘောထားတင်ပြချက်တွင်လည်း ဘဏ္ဍာငွေသုံးစွဲရေးကိစ္စများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအရ ဖြေရှင်းရပုံများကို ရှင်းလင်းထားသည်။ အဆိုပါပြဿနာများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဿနာမဟုတ်ကြောင်း ထင်ရှားသည်။

ဤခုံရုံးက အပြီးသတ်လျှောက်လဲချက် ကြားနာမည့်အချက်အပေါ် တင်သွင်းလွှာတင်သွင်းသူက အပြီးသတ်လျှောက်လဲချက်ပေးရာတွင် ရှေ့ဖော်ပြပါ (ဍ) အချက်ဖြစ်သော လွှတ်တော်က ဖွဲ့စည်းသော ကော်မတီများတွင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ထည့်သွင်းဖွဲ့စည်းခြင်းနှင့် (ဋ) အချက်ဖြစ်သော လွှတ်တော်က ဖွဲ့စည်းသော ကော်မတီများက အုပ်ချုပ်ရေးမှူးများအား ခေါ်ယူမေးမြန်းသည်ကို ခွင့်မပြုခြင်းတို့ကိုပါ ထပ်မံဖော်ပြလာသည်ကို တွေ့ရသည်။ ကချင်ပြည်နယ်လွှတ်တော်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကို အကြောင်းပြုပြီး ကော်မတီ ဖွဲ့စည်းခြင်း၊ ထိုကော်မတီတွင် ဝန်ကြီးများကို ထည့်သွင်းဖွဲ့စည်းခြင်းနှင့် လွှတ်တော်က ဖွဲ့စည်းသော ကော်မတီတစ်ရပ်သည် ၎င်းသိလိုသောကိစ္စအတွက် အစိုးရဝန်ထမ်းများကို မေးမြန်းရန် ခေါ်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ဖော်ပြပါဆောင်ရွက်ချက်များအပေါ် ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တောင်းဆိုသဖြင့် တင်ပြလာသည့် ကချင်ပြည်နယ်ဥပဒေချုပ်၏ အကြံပြုချက်ကို အခြေခံ၍ ဤခုံရုံးသို့ မေးမြန်းလာခြင်းဖြစ်သည်။ ဥပဒေအကြံပြုချက်တစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ မညီဆိုသည့် မေးမြန်းချက်မှာ ဤခုံရုံးက ဆုံးဖြတ်ရမည့်အချက်များတွင် အကျုံးမဝင်ပေ။

တရားစီရင်ရေးဆိုင်ရာ မူသဘောအရ သုံးသပ်မည်ဆိုပါက ဥပဒေတစ်ခုကို အခြေခံပြီး အခွင့်အရေးတောင်းဆိုသူ သို့မဟုတ် ဥပဒေပါအခွင့်အာဏာကို သုံးစွဲသူသည် အဆိုပါဥပဒေအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီပါဟု ပြောခွင့်ရှိမည်မဟုတ်ပေ။ ကော်မတီဖွဲ့စည်းခွင့်ပေးသောဥပဒေကို ကျင့်သုံး၍ ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခဲ့သူအနေဖြင့် အဆိုပါဆောင်ရွက်ချက်အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ တင်ပြရန် သင့်လျော်မည်မဟုတ်ပေ။

နိုင်ငံသားတိုင်းသည် တည်ဆဲဥပဒေအားလုံးကို လိုက်နာရန် တာဝန်ရှိသည်။ ဥပဒေတစ်ခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီပါဟု အရေးဆိုတင်ပြနိုင်သော အခွင့်အလမ်းများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပေးထားပြီးဖြစ်သည်။ ဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းလိုက်သော ဥပဒေတစ်ရပ်အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်

ညီ မညီ နည်းလမ်းတကျ တင်ပြအဖြေရှာခြင်းမပြုဘဲ ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီသဖြင့် လိုက်နာရန် မလိုဟူသော အယူအဆမှာ လက်မခံသင့်ပေ။ တရားဥပဒေစိုးမိုးရေးကိုလည်း အထောက်အကူ မပြုသည့် အယူအဆ ဖြစ်သည်။ သို့ဖြစ်ရာ လွှတ်တော်၏ကော်မတီဖွဲ့စည်းခွင့်ကိစ္စ၊ အဆိုပါကော်မတီက ခေါ်ယူ စစ်မေးခွင့်ကိစ္စများနှင့်စပ်လျဉ်း၍ ဥပဒေနှင့် ညီ မညီ မေးမြန်းလာသည့်အပေါ် ဤခုံရုံးက ဖြေရှင်းဆုံးဖြတ်ပေးရန် မဟုတ်ပေ။

ထို့ကြောင့် ဤခုံရုံးက ချမှတ်ထားသော ဆုံးဖြတ်ရမည့်အချက်အပေါ် ဆက်လက်သုံးသပ်ရမည်သာ ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ ၏ ပြဋ္ဌာန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

၁၉၃။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နှစ်စဉ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်။

( ခ ) ပုဒ်မခွဲ (က) ပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလိုက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို သက်ဆိုင်ရာဝန်ကြီးချုပ်၏ ထောက်ခံ တင်ပြချက်အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က လိုအပ် သလို ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများ ဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် -

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့်အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီး အဖွဲ့ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်း များ၏ အသုံးစရိတ်များ၊

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကပေးဆပ်ရန် တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွှယ်သောကုန်ကျစရိတ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကချေးယူငွေများနှင့်ဆက်နွှယ်သောကုန်ကျစရိတ်များ၊

(၄) တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊

(၅) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေ တစ်ရပ်ရပ်အရကျခံရမည့် အခြားအသုံးစရိတ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသည်။ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းမပြုရ။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၄ အရ ပြည်နယ်လွှတ်တော်သည် ပြည်နယ်အစိုးရက မိမိပြည်နယ်၏ ရငွေသုံးငွေလျာထားချက်ကို သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရ ပါမည်။ ပုဒ်မ ၂၃၀ ပုဒ်မခွဲ (ခ) အရ ပြည်နယ်၏အရအသုံးငွေစာရင်းလျာထားချက်ကို ဒုတိယသမ္မတဦးဆောင်သော အဖွဲ့ကစိစစ်ကာ ဘဏ္ဍာရေးကော်မရှင်သို့တင်ပြရပါမည်။ ပုဒ်မ ၂၃၀ ပုဒ်မခွဲ (ဃ) အရ ဘဏ္ဍာရေးကော်မရှင်သည် ပြည်နယ်အား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေဖြင့် ပြည်နယ်အတွက် ဖြည့်ဆည်းပေးငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေများပါဝင်သည့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံသို့ ထောက်ခံတင်ပြရပါမည်။ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၀၀ ပုဒ်မခွဲ (ခ) နှင့်အညီ ဆောင်ရွက်ပြီး ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို အတည်ပြုပြဋ္ဌာန်းပါသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် မိမိပြည်နယ်အတွက် ရငွေ၊ သုံးငွေလျာထားချက်ကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း၊ ပြည်နယ်လွှတ်တော်က အတည်ပြုလိုက်သော ပြည်နယ်ရငွေသုံးငွေ လျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြပြီး ဘဏ္ဍာရေးကော်မရှင်က စိစစ်ရာတွင်လည်း အဖွဲ့ဝင်အဖြစ်

ပါဝင်ဆောင်ရွက်ရခြင်း၊ ထို့နောက် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ မိမိပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ ပုဒ်မခွဲ (က) အရ တင်သွင်းခြင်းတို့ကို ဆောင်ရွက်ရသူဖြစ်သည်။

ဝန်ကြီးချုပ်၏ထောက်ခံချက်ဖြင့် တင်သွင်းလာသော ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအပေါ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ နှင့်အညီ စိစစ်ဆုံးဖြတ်ရပါသည်။

ပြည်နယ်လွှတ်တော်တွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်းရေးဆွေးနွေးကြရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ ပုဒ်မခွဲ (ခ) ဒုတိယပိုင်း ပုဒ်မခွဲငယ် (၁) မှ (၅) အထိဖော်ပြထားသော ကိစ္စများအပေါ် လွှတ်တော်က ဆွေးနွေးခွင့်ရှိပါသည်။ သို့သော် အဆိုပါအသုံးစရိတ်လျာထားချက်များကို လျှော့ပေါ့ခြင်း၊ ငြင်းပယ်ခြင်းမပြုရဟု ပိတ်ပင်ထားသည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ ပုဒ်မခွဲ (ခ) ပထမပိုင်းအရ လွှတ်တော်ကသဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့ပေါ့ခွင့်ပြုခြင်း ပြုနိုင်သော ကိစ္စများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ ပုဒ်မခွဲ (ခ) ဒုတိယပိုင်း ပုဒ်မခွဲငယ် (၁) မှ (၅) တွင် အကျုံးမဝင်သော ကိစ္စများသာဖြစ်သည်။

ဝန်ကြီးချုပ်တင်သွင်းလာသော ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ ပုဒ်မခွဲ (ခ) ဖြင့် တားမြစ်ထားသည့် အချက်များမှအပ ကျန်ဆောင်ရွက်ခွင့်ရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၉၃ နှင့် ၁၉၄ တို့အရ ပြည်နယ်အစိုးရက တင်သွင်းလာသည့် အရအသုံးစာရင်းကို ပြည်နယ်လွှတ်တော်က လိုအပ်သလို ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ပြီး အဆုံးအဖြတ်ပြုနိုင်ကြောင်း ဘဏ္ဍာရေးကော်မရှင်က ပြန်ကြားထားသည်။ ကချင်ပြည်နယ်အစိုးရအဖွဲ့အတွက် လိုက်ပါဆောင်ရွက်သော ပြည်နယ်ဥပဒေအရာရှိကလည်း ဤအချက်ကို သဘောတူလက်ခံထားသည်ကို ယင်း၏လျှောက်လဲချက်၌ တွေ့ရသည်။

ပြည်ထောင်စုက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ဘဏ္ဍာငွေကို ခွဲဝေချထားပေးရာတွင်လည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏လျာထားတင်ပြချက်များအပေါ် အကြောင်းပြုချထားခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ထိုလျာထားငွေကို လွှတ်တော်တွင်လိုအပ်သလို ဆွေးနွေးပြီးနောက်လျှော့ပေါ့သုံးစွဲရန်၊ ငြင်းပယ်ရန်ရှိလာပါကလည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အများဆန္ဒနှင့်အညီ ဆောင်ရွက်ဆုံးဖြတ်ခွင့်ရှိသည်။ ပြည်ထောင်စုက ခွဲဝေချထားပေးသော ငွေကိုသုံးစွဲရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သက်ဆိုင်ရာလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့် အညီ တင်သွင်းခဲ့သည့်အချက်နှင့် ဘဏ္ဍာရေးကော်မရှင်၏ စိစစ်ထောက်ခံချက်တို့ကိုအခြေခံပြီး ပြည်ထောင်စုလွှတ်တော်က ခွဲဝေချထားပေးခဲ့ခြင်းဖြစ်သည်ကိုထောက်ထားရန် လိုအပ်မည်ဖြစ်သည်။

ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ ပုဒ်မခွဲ (ခ) ဒုတိယပိုင်း ပုဒ်မခွဲငယ် (၁) မှ (၅) ပါ အသုံးစရိတ်များမှအပ အခြားကိစ္စများတွင် ဘဏ္ဍာငွေသုံးစွဲခွင့်အား သဘောတူခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့ပေါ့ခြင်းတို့ကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခွင့်ရှိကြောင်း ဖြေကြားလိုက်သည်။

(ပုံ) မြသိန်း

ဥက္ကဋ္ဌ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၄/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက် )

### လူ့ဘောင်သစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း (၉၁ လမ်းထိပ်)၊ အမှတ် (၁၀၆/၁၀၈) တွင် ပါတီရုံးချုပ်တည်ရှိသော **လူ့ဘောင်သစ်ပါတီ** အား ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့မှစ၍

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**လူ့ဘောင်သစ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၈၅) ဖြစ်ပါသည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၁၅ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၁) ရက်မြောက်နေ့တွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင်၏ မေးခွန်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဖြေကြားချက်

**တောင်ပေါ်ဒေသ ဘိန်းစိုက်ပျိုးသည့် ဒေသများတွင် ဘိန်းအစားထိုး စိုက်ပျိုးရန် ရွှေစင်ကြယ်ပဲမျိုး** Pure Gold Star Bean (Star Sacha Inchi) **အားအစားထိုးစိုက်ပျိုးရန် သင့် မသင့်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) မှ ဦးစောထွန်းမြအောင်က တောင်ပေါ်ဒေသ ဘိန်းစိုက်ပျိုးသည့် ဒေသများတွင် ဘိန်းအစားထိုးစိုက်ပျိုးရန် ရွှေစင်ကြယ်ပဲမျိုး Pure Gold Star Bean (Star Sacha Inchi) အား အစားထိုးစိုက်ပျိုးရန် သင့် မသင့်နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်မြေအမှတ် (၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ရွှေစင်ကြယ်ပဲမျိုးနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်အစိုးရမှ စမ်းသပ်စိုက်ပျိုးပြီး ပေါက်လာတဲ့ အပင်များကို ပြည်နယ်နဲ့တိုင်းသို့ ဖြန့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါသည်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့ မြန်မာ့အလင်းမှာပါလာတဲ့ ဘိန်းအစားထိုးစိုက်ပျိုးရေး သီးနှံနဲ့ ပတ်သက်ပြီးတော့ စိတ်ဝင်စားလို့ ဒါကို ကျွန်တော်လေ့လာခဲ့ပါတယ်။ လေ့လာတဲ့အခါမှာ အဲဒီ ပဲမျိုးဟာ လောလောဆယ် ကျွန်တော်တို့ ရှာမတွေ့ကြပါဘူး။ အဲဒါနဲ့ ကျွန်တော့်မိတ်ဆွေ တစ်ယောက်ကနေပြီးတော့ နိုင်ငံခြားကနေပြီး အစေ့ (၂၀) ဝယ်ပြီးတော့ ပို့ပေးပါတယ်။ ပို့ပေးပြီးတော့ အဲဒါကို အစေ့ (၂၀) ကိုက (၁၄) ဒေါ်လာ ပေးရပြီးတော့ ပို့ခက (၁)ဒေါ်လာ အားလုံး (၁၅) ဒေါ်လာကျပါတယ်။ ပြန်တွက်ကြည့်လို့ ရှိလျှင်တော့ အစေ့ (၁) စေ့ကို (၇၀၀) လောက်ကျပါတယ်။ အဲဒါနဲ့ ကျွန်တော့်အနေနဲ့က ဒါကိုပိုပြီးတော့ ကျယ်ပြန့်အောင် သိရှိနိုင်ဖို့အတွက် ကျွန်တော်လေ့လာခဲ့ပါတယ်။ လေ့လာတော့ ဒီပဲရဲ့ဇာစ်မြစ်ကတော့ ဘယ်ကလဲဆိုတော့ တောင်အမေရိကတိုက်၊ ပီရူးနိုင်ငံက မျိုးဖြစ်ပြီးတော့ တရုတ်နိုင်ငံနဲ့ ပီရူးနိုင်ငံနဲ့ စီးပွားဖြစ် ဆယ်သွယ်လာတဲ့အခါမှာ သူတို့က ဒီ (Star Sacha Inchi) ဆိုတဲ့မျိုးစေ့ကို သူက ရရှိခဲ့ပါတယ်။ အဲဒါနဲ့ တရုတ်နိုင်ငံမှာစိုက်တယ်။ တရုတ်နိုင်ငံဖြစ်သွားပြီးတဲ့အခါမှာ ဘယ်ကိုကူးလာလဲဆိုတော့ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတွေကို ကူးလာတယ်။

အဲဒီတော့ ဒီ ပဲမျိုးစေ့ကတော့ သူက (၆) လနဲ့ အသီးသီးပါတယ်။ အဲဒီတော့ (၁) နှစ်ကို (၂) ခါသီးတယ်။ (၂) ခါသီးတဲ့အတွက်ကြောင့် ဒီ (၁) ဧကစိုက်လို့ရှိရင် သူက (၁) နှစ်ပတ်လည် ကြာလို့ရှိရင်

အနည်းဆုံး ပထမနှစ်ကတော့ (၁၀) သိန်း၊ (၁၅) သိန်းလောက် ဖြစ်မှာပေါ့။ ဒါပေမဲ့ သက်တမ်းရင့်လာတာနဲ့ အမျှ (၁) နှစ်ကို သိန်း (၅၀) နဲ့ သိန်း (၇၀) ကြားမှာ ဒါက (၁) ဧကကို အမြတ်အစွန်းရှိတယ်လို့ ဆောင်းပါးရှင်က ဖော်ပြထားပါတယ်။ ထို့အတူ ဒီပဲမျိုးကို ကျွန်တော်က အဓိကထားတာတော့ ဘိန်းအစားထိုးစိုက်ပျိုးဖို့အတွက် ကောင်းတဲ့ သီးနှံတစ်ခုဖြစ်သလို၊ နောက်တစ်ခါတောင်ပေါ်ဒေသတွေမှာ ဒီတောင်ယာတွေလုပ်တဲ့အခါမှာ ပြုန်းတီးသွားတဲ့ မြေနေရာမှာ ဒီနေရာကို အစားထိုးစိုက်ဖို့ရယ်၊ နောက်တစ်ချက်က သူသည် ရာသီဥတု မရွေးသည့် အတွက်ကြောင့် (၃၉) ဒီဂရီဖာရင်ဟိုက်ရှိတဲ့နေရာမှန်သမျှ အကုန်လုံးစိုက်လို့တယ်။

နောက်တစ်ခုက ရေနစ်တာ၊ ရေမြုပ်တာ၊ ရေဝပ်တာကလွဲပြီးတော့ ကျန်တဲ့နေရာတွေမှာ ရာသီဥတုက စိုက်လို့ရတဲ့အပင်မျိုးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒါကို အားသွန်ခွန်စိုက်နဲ့ လေ့လာခဲ့ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နဲ့ ပြခွင့်ပြုပါခင်ဗျား။ လောလောဆယ် တွေ့ရတဲ့ မြင်ကွင်းကတော့ ဒါရှေစင်ကြယ်ပဲ (Star Sacha Inchi) ဒါက ပီရူးနိုင်ငံက ထွက်တဲ့မျိုးဖြစ်တဲ့အတွက်ကြောင့် သူရဲ့အစေ့က အခွံမာဖြစ်ပါတယ်။ ထို့အတူပဲ အရွက်က ဘာလဲဆိုတော့ သူက ကျွန်တော်တို့ သာမန်လူအနေနဲ့ ဆိုရင် ဒါကစားသုံးလို့လည်း လက်ဖက်ခြောက်လို သုံးလည်းရပါတယ်။ နောက်သူက Vitamin A ရယ်၊ E ရယ် အပြည့်ပါသလို၊ Omega (3) (6) (9) ဒါ သက်စောင့်ဓာတ်တွေပါ ပါတယ်။

ဒါကြောင့်မို့လို့ ဒါကို သူက မျိုးစေ့ကိုက ဈေးကြီးပြီးတော့ ဝယ်တဲ့မျိုးစေ့ဖြစ်ပါတယ်။ နောက်တစ်ခါ အခုပြမယ့်ဟာကတော့ သူက အဲဒီအစေ့ကနေပြီးတော့ ကျွန်တော်တို့ သာမန်အနေနဲ့ ပြောလို့ရှိရင် ဒါ အဆီထုတ်လို့ရပါတယ်။ ဒါအဆီ၊ ဒီအဆီဟာဆိုလို့ရှိရင် ကျွန်တော်တို့ ဆီးချိုကျတယ်။ သွေးတိုးကျတယ်။ ကျန်တဲ့ အားလုံးကျပါတယ်။ ၎င်းအပြင် ဒါ အရွက်ကလည်း သူက လက်ဖက်ခြောက်လို ကျွန်တော်တို့ Star tea ပေါ့၊ ဒါခုနလို သောက်သုံးလို့ရပါတယ်။ ဆီးချိုကျပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီပဲနဲ့ပတ်သက်ပြီးတော့ ကျွန်တော်က လိုက်ပြီးတော့ စုံစမ်းတဲ့အခါမှာ နောက်ပိတ်ဆုံး နေပြည်တော်မှာရှိတဲ့ စိုက်ပျိုးရေးဥယျာဉ်ထဲမှာ ကျွန်တော်အပင်တစ်ပင်ထဲတွေ့ပြီးတော့ အသီးကလည်း သီးနေပါပြီ။ ဒါကို ကျွန်တော်က အမှတ်တရအနေနဲ့ ခုနလိုပေါ့၊ နယ်မှာပြန်ပြတဲ့အခါမှာ ဓာတ်ပုံရိုက်ပြီးတော့ ကျွန်တော်ယူပြီးတော့ နယ်မှာပြန်ပြရတယ်။ ဒါကတော့ ကျွန်တော်တို့တကယ့်နေပြည်တော် ဥယျာဉ်မှာ လိုက်ရှာတော့ ဒီတစ်ပင်ပဲတွေ့တော့ ဒါလည်း အမှတ်တရအနေနဲ့ ခုနလိုရိုက်ပြခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်အနေနဲ့ မေးမြန်းလိုတဲ့မေးခွန်းကတော့ ဒီပဲမျိုးကို နံပါတ် (၁) ပျိုးပင်ထုတ်ပေးနိုင်ဖို့ အစီအစဉ် ရှိ/မရှိ၊ ပြီးလို့ရှိရင် ဒီပျိုးပင်တွေကို သက်သာသောဈေးနှုန်းနဲ့ ပြည်နယ်နဲ့ တိုင်းဒေသမှာ သင့်လျော်တဲ့ နေရာတွေမှာ၊ ရာသီဥတုနဲ့ ကိုက်ညီမယ့်နေရာတွေမှာ ဖြန့်ပေးဖို့ အစီအစဉ် ရှိ/မရှိအား လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းဖြစ်ပါတယ်။ ကရင်ပြည်နယ် အမှတ် (၅) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်း အပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းတဲ့မေးခွန်းဟာ တောင်သူ လယ်သမားများအတွက် ရေရှည်အကျိုးစီးပွား တိုးတက်ရရှိနိုင်တဲ့ မေးခွန်းဖြစ်ပြီးတော့ ဈေးကွက်ဝင်

တွက်ခြေကိုက်တဲ့ သီးနှံအမည်သစ်ဖြစ်သဖြင့် တောင်သူများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း ပထမဦးစွာ ပြောကြားလိုပါတယ်။ ဒီကြယ်ပဲနဲ့ ပတ်သက်လို့လည်း Power Point နဲ့ပြသခွင့်ပြုပါရန် ခွင့်ပန်ကြားအပ်ပါတယ်။

ရွှေစင်ကြယ်ပဲ (Pure Gold Star Bean) ဟာ အမေရိကတောင်ပိုင်း၊ အပူပိုင်းဒေသ၊ အမေဇုန်မြစ်ဝှမ်း ရှိတဲ့ အစေ့မှ အဆီထုတ်ယူနိုင်တဲ့ နွယ်မျိုးရင်းဝင်အပင်တစ်ပင်ဖြစ်ပြီး ဒေသအခေါ် အဝေါ် Inca ဆေးအမည် Flukenetia Volubilis လို့ ခေါ်ပါတယ်။ ၎င်းအပင်ရဲ့ အစေ့မှထွက်တဲ့ အဆီမှာ အစေ့အဆန်မှာ ပရိုတင်းခေါ် အသားဓာတ် (၂၇) ရာခိုင်နှုန်းနဲ့ အဆီ (၃၅) (၆၀) ရာခိုင်နှုန်းအထိပါဝင်ပါတယ်။ အဆီတွင် Vitamin A နဲ့ E များ ပါဝင်ပြီးတော့ Omega 3 (54 percentages)၊ Omega 6 (33 percentages)၊ Omega 9 (7.2 percentages) ပါဝင်ပြီး၊ ထိုမပြည့်ဝဆီ (၃) မျိုးဟာ (၉၄) ရာခိုင်နှုန်းပါဝင်၍ အထူးသဖြင့် ခန္ဓာကိုယ် အတွက် မရှိမဖြစ်လိုအပ်တဲ့ အဆီတစ်အက်ဆစ်နဲ့ လီနိုလေနစ်များလည်း (၅၀) ရာခိုင်နှုန်းကျော် ပါဝင်သဖြင့် အဆီနှင့် အာဟာရဓာတ်ထုတ်ပေးသော ပဲစေ့ဟု ထင်ရှားရုံသာမကဘူး ကမ္ဘာတစ်ဝန်းလုံးမှာ အကောင်းဆုံး အာယုဒီယဆေးအဖြစ် လက်ခံယုံကြည်ထားကြပါတယ်။ Inca ပဲစေ့ဆီမှာအောက်ဆီဒိုက်ကို ကာကွယ် နိုင်တဲ့ ဘောရစ်အက်ဆစ်များလည်း ပါဝင်တာဖြစ်ပါတယ်။

စိုက်ပျိုးနိုင်တဲ့ မြေအမျိုးအစားနဲ့ ရာသီဥတုကတော့ အပူချိန် (၁၀) ဒီဂရီမှ (၃၆) ဒီဂရီစင်တီဂရိတ်နဲ့ မြေကြီး ချဉ်/ငံကိန်း pH 4.5 မှ 6.5 အတွင်း ကြိုက်နှစ်သက်ပြီး မြေဆီဩဇာထက်သန်တဲ့နုန်းတင်မြေနုမှာ ကောင်းစွာဖြစ်ထွန်းပါတယ်။ စိုထိုင်းဆ (၈၀) ရာခိုင်နှုန်းရှိပြီး၊ မိုးရေချိန် (၁၀၀) လက်မ တစ်နှစ်ပတ်လုံး ဖြန့်၍ရွာသော ဒေသမျိုးမှာ အကောင်းဆုံးအနေအထားဖြစ်ပါတယ်။ ပင်လယ်ရေမျက်နှာပြင် Sea Level အမြင့်ပေ (၃၀၀) ကနေပြီးတော့ (၆၀၀၀) အတွင်း နေရာမျိုးမှာ စိုက်ပျိုးဖြစ်ထွန်းပါတယ်။ ရွှေစင်ကြယ် ပဲပင်ဟာ နေရောင်အနည်းဆုံး (၁၂) နာရီ ရရှိရန်လိုအပ်ပြီး၊ ရေမဝပ်တဲ့ မြေမျိုးမှာ ကောင်းစွာဖြစ်ထွန်းပါတယ်။ ရေဝပ်ဒဏ်ကို မခံနိုင်ပါဘူး။ သို့သော် ခြောက်သွေ့ကာလ၌ ရေသွင်းပေးရန်လိုအပ်ပါတယ်။ နွေးသမပိုင်း ရာသီဥတုကိုနှစ်သက်ပြီး မြန်မာနိုင်ငံမှာ ကောင်းစွာ အောင်မြင်ဖြစ်ထွန်းနိုင်တဲ့အပင်အမျိုးအစားလည်း ဖြစ်ပါတယ်။

ရွှေစင်ကြယ်ပဲ စိုက်ပျိုးရာမှာ မျိုးစေ့ကို (၁၁) နာရီရေစိမ်ပြီး သဲဗန်းမှာ အညှောက်ဖောက်ပြီးတော့ (၃) လက်မ (၇) လက်မ ပျိုးအိတ်များမှာ ပျိုးထောင်ရန် လိုအပ်ပါတယ်။ ပျိုးသက် (၄၅) ရက်ခန့်အတွင်းမှာ စိုက်ခင်းကို ပြောင်းရွှေ့စိုက်ပျိုးရပါမယ်။ (၁၀) လက်မ (၇) လက်မ သို့မဟုတ် (၇) လက်မပတ်လည်ခန့် စိုက်ကျင်းများ တူးပြီး စိုက်ကျင်းအတွင်း နွားချေး၊ မြေဆွေးများခံ၍ မိုးဦးကျ ဇွန်လဆန်းမှာ စတင်ရွှေ့ပြောင်း စိုက်ပျိုးသင့်ပါတယ်။

စိုက်ပြီး (၅) လခန့်မှာ ကြယ်ပဲပန်းပွင့်ပြီးတော့ (၈) လခန့်မှာ အသီးများစတင်ရင့်မှည့်နိုင်ပါတယ်။ အပင်အမြင့် (၆) ပေ၊ (၉) ပေခန့်မြင့်ပြီး တိုင်ထောင်ပြီးတော့ စိုက်ပျိုးရပါတယ်။ ပဲတောင့်မှာ (၆) ထောင့် ကြယ်ပုံသဏ္ဍာန် ထူးခြားသော အသွင်ရှိပြီးတော့ ပဲတောင့်နုစဉ်အချိန်မှာ အစိမ်းရောင်ရှိပြီး အသီးရင့်လာတဲ့ အခါမှာ အညိုရင့်ရောင်အဖြစ် ပြောင်းလဲပါတယ်။ ပဲသီးတစ်တောင့်တွင် ပဲစေ့ (၄) စေ့ကနေ (၆) စေ့ပါဝင် ပါတယ်။ စတင်စိုက်ပျိုးတဲ့နှစ်မှာ တစ်ဧက (၂၀၀) ကနေ (၄၀၀) ကီလိုအထိ ထွက်ရှိပြီး နောက်နှစ်များမှာ တိုးတက်ထွက်ရှိပြီးတော့ ကီလို (၂၀၀၀) အထိ ကျွန်တော်တို့ ထွက်ရှိနိုင်ပါတယ်။ ပထမဆုံးအကြိမ်ခူးဆွတ် ပြီးနောက် တစ်နှစ်ပတ်လုံးမှာ အကြိမ်ကြိမ် ကျွန်တော်တို့ ခူးဆွတ်နိုင်တာ ဖြစ်ပါတယ်။ ရွှေစင်ကြယ်ပဲစိုက်ပျိုးတဲ့ တောင်သူများ၏ ဂရုစိုက်ပြုစုမှုအပေါ်မှာ မူတည်ပြီးတော့ နှစ်ပေါင်း (၅၀) အထိ ဆွတ်ခူးနိုင်ကြောင်း ပီးရူးနိုင်ငံရဲ့မှတ်တမ်းများအရ ကျွန်တော်တို့ သိရှိရပါတယ်။ ပိုးမွှားရောဂါကျရောက်မှုနဲ့ ကာကွယ်နှိမ်နင်းခြင်း လုပ်ငန်းများအနေနဲ့ ပျိုးပင်ဘဝ၌မှာ ခါးရိုးရောဂါ၊ ပင်ညှိုးရောဂါများကျရောက်တတ်၍ မျိုးစေ့အားမှိုသတ် ဆေးများနဲ့ လူးနယ်ပြီး စိုက်ပျိုးသင့်ပါတယ်။

ပျိုးခင်း၌ပင်မှိုရောဂါကာကွယ်ဆေးပက်ဖျန်းသင့်ပါတယ်။ စိုက်ခင်း၌လည်းစုပ်စားပိုးများ၊ ရွက်စားပိုးများ ကျရောက်တတ်၍ သင့်လျော်သော ပိုးသတ်ဆေးများ အသုံးပြုပါတယ်။ အော်ဂဲနစ်စိုက်ခင်းဖြစ်လျှင်တော့ Botanical or Biological Pesticide များ ရွေးချယ်အသုံးပြုသင့်ပါတယ်။ ရွှေစင်ကြယ်ပဲစေ့ဟာ ခန္ဓာကိုယ် ကျန်းမာသန်စွမ်းမှုကိုထိခိုက်စေနိုင်သော ဓာတ်များ၊ ဓာတ်မတည့်မှုကို ဖြစ်စေနိုင်ခြင်းများမှ ကင်းစင်စေပြီး ဆီရဲ့ဂုဏ်ရည်တည်မြဲမှုကို ကမ္ဘာ့အကောင်းဆုံးသဘာဝဆီအဖြစ် အဘက်ဘက်မှ လက်ခံယုံကြည်ထားကြ ပါတယ်။ နာမည်ကြီးဆီများဖြစ်တဲ့ ငါးများရဲ့အဆီ၊ သံလွင်ဆီ၊ နှမ်းဆီ စသည်တို့ထက် လူခန္ဓာကိုယ်ကို ပိုမိုအားဖြစ်စေပြီး လူ့ခန္ဓာကိုယ်ဖွံ့ဖြိုးမှု ပံ့ပိုးတဲ့ဆေးထုတ်လုပ်မှုမှာ ပါဝင်ပါတယ်။ ထို့အပြင် လူ့ခန္ဓာကိုယ် သွေးကြောများတွင်ရှိတဲ့ အဆီဓာတ်ကို လျှော့ချပြီးတော့ နှလုံးသွေးကြောပိတ်ဆို့ခြင်းကို ကာကွယ်နိုင်ကာ အသားအရည်စိုပြည်နိုင်ပါတယ်။ အရွက်ကို အခြောက်လှန်းပြီး လက်ဖက်ခြောက်အဖြစ် သောက်သုံးခြင်းဖြင့် သွေးတိုးရောဂါများ ပျောက်ကင်းစေနိုင်ပြီး အဆီကျ၍ မှတ်ဉာဏ်ကောင်းစေနိုင်ပါတယ်။ ဒူးနာ၊ ခါးနာရောဂါနဲ့ ကိုယ်ခံစွမ်းအားကိုပါ မြင့်မားစေနိုင် ပါတယ်။ ဆီကြိတ်ပြီး ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ်နဲ့လည်း အသုံးချ နိုင်ပါတယ်။ ဒါကြောင့် ဒီကြယ်ပဲဟာ တစ်ပင်လုံး အသုံးချနိုင်တဲ့ သီးနှံဖြစ်ကြောင်း တင်ပြလိုပါတယ်။

ရွှေစင်ကြယ်ပဲကို ရောဂါကုသနိုင်တဲ့ဆေးထုတ်လုပ်မှုမှာလည်းကောင်း၊ စားသုံးကုန်ထုတ်လုပ်မှုမှာ လည်းကောင်း၊ အလှကုန်ပစ္စည်းထုတ်လုပ်မှုမှာလည်းကောင်း၊ လူ့ခန္ဓာကိုယ်ကို ဖွံ့ဖြိုးမှုပံ့ပိုးတဲ့ဆေးထုတ်လုပ်မှု မှာလည်းကောင်း အသုံးပြုနေကြပြီဖြစ်ပါတယ်။ အမေဇုန်မြစ်ဝှမ်းဒေသမှာ နေထိုင်ကြတဲ့လူမျိုးများဟာ ရွှေစင်ကြယ်ပဲစေ့ကို Sacha inchi စွတ်ပြုတ်ရည်အဖြစ်လည်းကောင်း၊ ပဲစေ့လှော်အဖြစ်လည်းကောင်း၊ ဆီအဖြစ်လည်းကောင်း အမျိုးမျိုးအသုံးပြုလာကြပါတယ်။ ယခုအချိန်ထိ မုန့်ပဲသရေစာများမှာထည့်သွင်းအသုံး ပြုလျက်ရှိပါတယ်။ ဌာနေတိုင်းရင်းအချို့က စပျစ်သီးစိမ်းဟုလည်းကောင်း၊ ဘယ်ရီပဲတောင့်ဟုလည်းကောင်း အမျိုးမျိုးခေါ် ဆိုကြပြီး အပင်အမျိုးအစားမှာ နှစ်ရှည်ခံနွယ်ပင်အမျိုးအစားဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံမှာ လားရှိုးမြို့နယ်၊ မူဆယ်မြို့နယ်၊ မြစ်ကြီးနားမြို့နယ်တွေမှာ (၁၅၀၀) ဧကစာကို EL SHADDAI Co., Ltd က မျိုးစေ့တင်သွင်းပြီး စမ်းသပ်စိုက်ပျိုးလျက်ရှိပါတယ်။

မျိုးစေ့တစ်ကီလိုမှာ (၂၂၀၀၀) ကျပ်နှုန်းနဲ့ ရောင်းချပေးလျက်ရှိပြီး စိုက်ပျိုးထွက်ရှိလာတဲ့ရွှေစင်ကြယ်ပဲ များဟာ တစ်ကီလိုလျှင် (၁၁၀၀၀) ကျပ်နှုန်းဖြင့် အဆိုပါကုမ္ပဏီမှ လောလောဆယ် ပြန်လည်ဝယ်ယူလျက်ရှိ ပါတယ်။ ပေါက်ဈေးအရ ဈေးနှုန်းကိုပေး၍ ဝယ်ယူသွားပြီဖြစ်ကြောင်း သိရှိရပါတယ်။ အလားတူ ဧရာဝတီ တိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ပိန်းအင်းကျေးရွာအုပ်စုမှာလည်း ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှာ ရွှေစင်ကြယ်ပဲစိုက်ပျိုးရေးအတွက် Golden Sacha Inchi Co.,Ltd က ခြံထွက်သီးနှံများ စိုက်ပျိုးတဲ့ တောင်သူများနဲ့ တွေ့ဆုံပြီးတော့ တိုးချဲ့စိုက်ပျိုးရန် ထွက်ရှိလာတဲ့ ရွှေစင်ကြယ်ပဲများအား ကုမ္ပဏီမှ စာချုပ် ချုပ်ဆို၍ ဝယ်ယူရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်းနဲ့ လေးမျက်နှာ၊ အိုင်သပြု (မယင်း) ဒေသမှာ အဝယ်ဒိုင် ဖွင့်လှစ်ပြီး ဝယ်ယူရန် စီစဉ်လျက်ရှိပါကြောင်း၊ ထို့အတူ ပဲခူးတိုင်းဒေသကြီး၊ အေးသုခကျေးရွာ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောက်ချောကုန်းကျေးရွာ၌လည်းကောင်း စမ်းသပ်စိုက်ပျိုးရန် ပျိုးများထောင်ထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။

ကုမ္ပဏီအနေနဲ့လည်း ပြီးခဲ့တဲ့ နှစ်ရက်၊ သုံးရက်က သတင်းစာတွေထဲမှာ ကြော်ငြာတာကပျိုးပင်များကို အခမဲ့ဖြန့်ဖြူးပေးပြီး စာချုပ်၍ထွက်လာတဲ့ အသီးများကို ပေါက်ဈေးဖြင့် ဝယ်ယူသွားပြီဖြစ်ကြောင်းလည်း သိရှိရပါတယ်။ အဆိုပါဒေသများမှာ စမ်းသပ်စိုက်ပျိုးမှုအောင်မြင်ပါက ဘိန်းအစားထိုးဒေသများရှိတဲ့ တောင်သူများစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက နည်းပညာပံ့ပိုး ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးစောထွန်းမြအောင် မေးတဲ့မေးခွန်းနဲ့ ဒုတိယဝန်ကြီး၊ ဦးအုန်းသန်းဖြေကြားတဲ့ မေးခွန်းတွေဟာ အများပြည်သူတွေအတွက် တန်ဖိုးရှိတဲ့မေးခွန်းနဲ့ အဖြေတွေဖြစ်တဲ့အတွက် မြန်မာနိုင်ငံ ပြန်တမ်းမှာ ထည့်သွင်းပေးဖို့ ရုံးအဖွဲ့ကို ညွှန်ကြားပါတယ်။

# ၂၀၁၅ ခုနှစ်၊ မေလ (၂၆) ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၂) ရက်မြောက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ၏ မေးခွန်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ ဖြေကြားချက်

## ယူကလစ်ပင်များ စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ အကျိုးနှင့်အပြစ်ကို ပြည်သူများသိရှိနိုင်ပါရန် ပွင့်လင်းမြင်သာစွာ ချပြပေးရန်နှင့် ဆက်လက်စိုက်ပျိုးရန် သင့်/မသင့် သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးလှဆွေက ယူကလစ်ပင်များ စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ အကျိုးနှင့်အပြစ်ကို ပြည်သူများသိရှိနိုင်ပါရန် ပွင့်လင်းမြင်သာစွာ ချပြပေးရန်နှင့် ဆက်လက်စိုက်ပျိုးရန်သင့်/မသင့် သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကော်မရှင်အဖွဲ့ဝင်များ ကျက်သရေ မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြမေးမြန်းလိုတဲ့ မေးခွန်းကတော့ ယူကလစ်ပင်များ စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ အကျိုးနှင့်အပြစ်ကို ပြည်သူများ သိရှိနိုင်ပါရန် ပွင့်လင်းမြင်သာစွာ ချပြပေးရန်နှင့် ဆက်လက်စိုက်ပျိုးရန် သင့်/မသင့် ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယူကလစ်ပင်ဆိုတာ ကျွန်တော်တို့ တွေ့ဖူးတာကတော့ အအေးပိုင်းဒေသတွေမှာ ကလောနဲ့အောင်ပန်းကြားမှာ ယူကလစ်ပင်အုပ်လိုက်ကြီးတွေ့ဖူးပါတယ်။ အပင်ကြီးတွေက လူတစ်ဖက်၊ နှစ်ဖက်စာလောက်ကြီးတွေ ရှိပါတယ်။ ဒီယူကလစ်ပင်စိုက်ပျိုးတာကို ဆိုရှယ်လစ်ခေတ်က ဒါတွေကိုစိုက်ပျိုးဖို့မသင့်ဘူးလို့ ပြောတဲ့စကားကို ကျွန်တော်ကိုယ်တိုင် နားနဲ့ကြားခဲ့ဖူးပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့ပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစိန်လွင်က ခ. လ. ရ (၈၀) နားကဖြတ်သွားတော့ ခ. လ. ရ (၈၀) မှာဝင်ပြီး ခဏလေး refreshment စားတဲ့အခါမှာ သူက တပ်ကတပ်သစ်ဆိုတော့ ၁၉၈၆ ခုနှစ်ထဲမှာ မင်းတို့အပင်တွေ၊ ဘာတွေစိုက်ကြဆိုတော့ ယူကလစ်ပင်တွေစိုက်ဖို့လို့ချထားတာတွေ့တော့ ယူကလစ်ပင်ကို ပါတီဥက္ကဋ္ဌကြီးက စိုက်တာမကြိုက်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီအပင်ဟာ သဘာဝ ပတ်ဝန်းကျင်ပျက်စီးစေတယ်။ ရေဓာတ်ခန်းခြောက်စေတယ်လို့ပြောတာကို ကျွန်တော်ကကြားခဲ့ဖူးတယ်။ အဲဒီနောက်ပိုင်း ကျွန်တော်တို့မြန်မာနိုင်ငံမှာ ယူကလစ်ပင်စိုက်တာကို အားမပေးတော့တဲ့ အနေအထား တွေ့ရတယ်။ ဒါပေမဲ့ အခုခေတ်မှာတော့ ယူကလစ်ပင်ဟာ သူ့ရဲ့အားသာချက်တွေက အင်မတန်အပင် ဖြစ်ထွန်းတာမြန်တယ်။ နောက်သူဟာ လွင်တီးခေါင်ပြင်မှာတောင်မှ တစ်အုပ်တစ်မစိုက်ပျိုးရင်ပြုစုစရာမလိုဘဲနဲ့ အလွယ်တကူ ရှင်သန်ပေါက်ဖွားနိုင်တဲ့အတွက် ဒီဘက်ခေတ်မှာ တော်တော်များများ စိုက်ပျိုးလာတာကို တွေ့ရတယ်။ အင်နဲ့အားနဲ့ထုနဲ့ထည်နဲ့ ကုမ္ပဏီတွေက ဧက ထောင်ချီပြီးတော့ စိုက်ပျိုးလာတဲ့အထိ အင်မတန် စိမ်းစိမ်းစိုစိုနဲ့ တွေ့ရတယ်။

သို့သော် အချို့မီဒီယာများမှာ ဖော်ပြထားတာက လွင်တီးခေါင်မှာ ယူကလစ်ပင်စိုက်ရင်ပိုဆိုးတယ်။ Side Effect က သဘာဝပတ်ဝန်းကျင်ဆိုးတယ်။ ရေဓာတ်တွေခန်းခြောက်တယ်။ သူကြွေကျတဲ့အရွက်တောင်မှ မြက်ပေါ်မှာကျသွားရင် အဲဒီမြက်က ခြောက်သွားပါတယ်လို့ ပြောတယ်။ ဟုတ်လား၊ မဟုတ်လားလည်း ကျွန်တော်တော့ မသိပါဘူး။ အဲဒီတော့ အဲဒါတွေဟာ ဂျပန်နိုင်ငံ NHK World TV ကိုကြည့်လိုက်တော့ သူတို့နိုင်ငံမှာ ယူကလစ်ကိုသေချာစိုက်တယ်။ စိုက်ပြီးလို့ရှိရင် ပရိဘောဂတွေလုပ်တယ်။ အချောထည်တွေ လုပ်တယ်။ ကျွန်တော် အဲဒါကိုကြည့်ဖူးပါတယ်။ နောက်ရယ်ဒီမိတ် ပါကေးတွေ၊ မြန်မာနိုင်ငံကို သွင်းနေတဲ့ ရယ်ဒီမိတ်ပါကေးတွေဟာ ယူကလစ်သားတို့၊ ရော်ဘာသားတို့နဲ့ ထုတ်လုပ်ထားတယ်လို့ ကျွန်တော်လေ့လာ သိရှိရပါတယ်။

အဲဒီတော့ ဒီအပင်ဟာ ပြုစုစရာမလိုဘူး။ တစ်အုပ်တစ်မ စိုက်ရင်လည်းလွယ်တယ်။ Tissue Culture မျိုးပွားနည်းနဲ့ စိုက်ပျိုးမယ်ဆိုရင် အင်မတန်ဖြစ်ထွန်းပြီးတော့ အကျိုးရှိတယ်ဆိုတာ တွေ့ရသော်လည်းပဲ အချို့ဖော်ပြချက်အရ ဒါတွေဟာ ကျွန်တော်တို့နိုင်ငံမှာ စိုက်ဖို့မသင့်ဘူး။ သဘာဝပတ်ဝန်းကျင် ပျက်စီးစေတယ်။ ရေခာတ်ခန်းခြောက်စေတယ်။ သူ့အရွက်ကတောင်မှ အန္တရာယ်ဖြစ်စေတယ်ဆိုတာကို တကယ်ဟုတ်လား၊ ပြည်သူတွေက ဆက်စိုက်ဖို့သင့်သလား။ ဆက်စိုက်ဖို့အားပေးရမလား။ မစိုက်သင့်တော့ဘူးလား ဆိုတာကို ပွင့်ပွင့်လင်းလင်းသိချင်တဲ့အတွက် လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးမြင့်မောင် (ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြစ်ပါတယ်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေရဲ့ မေးခွန်းနဲ့ပတ်သက်လို့ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကိုဖြေတဲ့အခါမှာ ကျွန်တော် ပြည့်ပြည့်စုံစုံဖြေနိုင်ဖို့ တချို့နေရာတွေမှာ မှတ်တမ်းဓာတ်ပုံတွေကို Power Point ထဲမှာ ထည့်သွင်းဖော်ပြထားပါတယ်။ ဒါ ဒီမေးခွန်းကလည်း အလွန်လည်း မေးသင့်တဲ့မေးခွန်းလည်း ဖြစ်ပါတယ်။ ထို့အတူပဲ ဒီနေ့ကျွန်တော်ပြန်လည်ဖြေကြားတာသည်လည်း အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးခွန်းကို ဖြေကြားသလို ပြည်သူတွေအားလုံးကိုလည်း အသိပေးတင်ပြတယ်လို့ ကျွန်တော် မှတ်ယူပြီး ပြန်လည်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒီယူကလစ်သစ်မျိုးဟာ တကယ်တော့ မူရင်းဒေသဟာ ဩစတြေးလျနိုင်ငံဖြစ်ပါတယ်။ Eucalyptus ဖြစ်ပြီးတော့မှ ယူကလစ်မျိုးစိတ် (၇၀၀) ခန့်ရှိပါတယ်။ ၁၉၅၂ ခုနှစ်မှာ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ FAO ကကြီးမှူးပြီးတော့ ဩစတြေးလျနိုင်ငံမှာရှိတဲ့ ယူကလစ်သစ်တောများကို လေ့လာရေးခရီးစဉ် ပြုလုပ်ချက်အရ သစ်လုံးအိမ်၊ ပရိဘောဂ၊ သေတ္တာ၊ ကြမ်းခင်း၊ သင်္ဘောကုန်းပတ်၊ တံခါးပေါင်၊ ဇလီဖားတုံး၊ ဖိုင်ဘာချပ်၊ စက္ကူပျော့ဖတ်၊ အထည်အလိပ်၊ ယူကလစ်အဆီ၊ ဆိုးဆေးနဲ့ ဒေသခံပြည်သူများအတွက် ထင်း၊ မီးသွေး၊ တိုင်၊ မျောနဲ့ လယ်ယာသုံးပစ္စည်းများ ရရှိစေခြင်းစတဲ့ ဘက်စုံအသုံးဝင်မှုရှိကြောင်းကို တွေ့ရှိလာခဲ့ကြပါတယ်။

ဒါကြောင့် မလေးရှား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဘရာဇီး၊ နယူးဇီလန်၊ အာဂျင်တီးနား၊ ဘယ်ဂျီယံ၊ ဥရုဂွေးစတဲ့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ စိုက်ခင်းများကို ကျယ်ပြန့်စွာစိုက်ပျိုးပြီး ၂၀၁၀ ခုနှစ်မှာတော့ ယူကလစ်စိုက်ခင်းဧက (၁၅) သန်းခန့်အထိ တိုးတက်စိုက်ပျိုးလာကြောင်း တွေ့ရှိရပါတယ်။

ကျွန်တော်တို့နိုင်ငံမှာလည်း ယူကလစ်စိုက်ပျိုးခြင်းကို ၁၉၂၁ ခုနှစ်ကနေ ၁၉၂၉ ခုနှစ်အထိ (၁၉၅) ဧက စမ်းသပ်စိုက်ပျိုးခဲ့ပါတယ်။ ထို့နောက် ၁၉၆၇ ခုနှစ်မှ ၁၉၆၉ ခုနှစ်များအတွင်း ယူကလစ်မျိုးစိတ် (၇) မျိုး ဖြစ်တဲ့အတွက် (၇)မျိုးကို မန္တလေးနဲ့ ပြင်ဦးလွင်ဒေသတွေမှာ ထပ်မံစမ်းသပ် စိုက်ပျိုးခဲ့ပါတယ်။ စမ်းသပ်စိုက်ပျိုး တွေ့ရှိချက်အရ ကမာဂျူလန်းစစ် ယူကလစ်သစ်မျိုးဟာ အမြင့်ပေ (၆၀) မှ ပေ (၁၂၀) အထိ လုံးပတ် (၁၀) ပေမှ (၁၂) ပေအထိ ကြီးထွားနိုင်ပြီး ပူပြင်းခြောက်သွေ့တဲ့ဒေသ၊ ပူပြင်းခြောက်သွေ့သော ရာသီဥတုနဲ့ မြေအမျိုးအစားညံ့တဲ့နေရာတွေမှာ စိုက်ပျိုးဖြစ်ထွန်းနိုင်ပါတယ်။ ထို့အတူပဲ တောင်ကုန်းမြေမြင့်တွေမှာ Grandis ယူကလစ်ပင်မျိုးဟာ အမြင့်ပေ (၁၂၀) မှ ပေ (၁၈၀) အထိ လုံးပတ် (၁၀) ပေမှ

(၁၅) ပေအထိ ကြီးထွားနိုင်ပါတယ်။ ပင်လယ်ရေမျက်နှာပြင် အထက်ကတော့ ပေ (၂၀၀၀) အထက်မှာ စိုက်ပျိုးနိုင်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားတဲ့ ခုနက ကလောနဲ့အောင်ပန်း၊ အောင်ပန်းနဲ့ ဟဲဟိုးကြားထဲမှာပါ။ ဒါဟာ သာမိုင်းခမ်းတစ်ဝိုက်မှာ ရှိပါတယ်။ ဒီယူကလစ်က Grandis သစ်မျိုးဖြစ်ပါတယ်။ ထို့အတူပဲ ပြင်ဦးလွင်မှာ ရေချမ်းအိုးဆိုတဲ့ နေရာမှာ စိုက်ထားတဲ့ဟာကလည်း Grandis သစ်မျိုးများပဲ ဖြစ်ပါတယ်။ ဒီယူကလစ်စိုက်ပျိုးဖို့အတွက် ဒီလို အကြီးမြန်သစ်ပင်၊ နောက်ပြီးတော့ မြေအမျိုးအစား ရွေးချယ်မှု အားနည်းခြင်း ရာသီဥတုနဲ့ ကျန်တဲ့ကန့်သတ်ချက်တွေ နည်းတဲ့အတွက် နိုင်ငံအတော်များများမှာ ဒါကို ယခုအခါ စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်လာတာတွေ့ရှိရပါတယ်။ ယူကလစ်သစ်မျိုးဟာ အနိမ့်ဆုံးအပူချိန် (၁) ဒီဂရီစင်တီဂရိတ်ကနေ အမြင့်ဆုံးအပူချိန် (၄၀) ဒီဂရီစင်တီဂရိတ်အထိ၊ ထို့အတူပဲ မိုးရေချိန်လက်မဟာ (၁၀) လက်မက (၇၀) လက်မအတွင်းရှိတဲ့ ကမ်းရိုးတန်း၊ မြေပြန့်ဒေသ၊ အပူပိုင်းဒေသ၊ တောင်ပေါ်ဒေသနဲ့ သဲဆန်တဲ့မြေမှ နုန်းမြေအမျိုးအစားထိ စိုက်ပျိုးနိုင်ကြောင်း၊ ဒီအပြင် ဆားဓာတ်များတဲ့မြေစေးများနဲ့ အချဉ်ဓာတ်လွန်ကဲတဲ့ မြေများတွင်လည်း ကောင်းစွာပေါက်ရောက်နိုင်ကြောင်း လေ့လာတွေ့ရှိကြရမှာ ဖြစ်ပါတယ်။

၁၉၈၀ ခုနှစ်ဝန်းကျင်မှာ ယူကလစ်စိုက်ပျိုးခြင်းကို ဒေသမြေဆီလွှာညှံ့ဖျင်းပြီး မြေအောက်ရေ ယုတ်လျော့ကျဆင်းတဲ့ သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုရှိကြောင်း သုံးသပ်မှု၊ ဝေဖန်မှုများ ရှိလာတဲ့အတွက် ယူကလစ်စိုက်ပျိုးမှု အရှိန်အဟုန် ရပ်တန့်သွားခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်အလွန်ကာလများမှာ အိန္ဒိယ၊ ဘရာဇီး၊ တရုတ်နိုင်ငံများရှိ ပညာရှင်များရဲ့ ယူကလစ်သစ်မျိုးများအပေါ် သုတေသနပြုလုပ်ချက်များ အရ အိန္ဒိယနိုင်ငံမှာ သုတေသနပြုရာမှာ သစ်မျိုးအလိုက် ဇီဝဒြပ်ထု (Biomass) တစ်ယူနစ် သို့မဟုတ် သစ်သားတစ်ဂရမ်တိုးပွားဖို့အတွက် ရေလိုအပ်မှုမှာ ယူကလစ်ထက် ကုက္ကို၊ အောရီရှား၊ ပိတောက်သစ်မျိုး များက ပိုမိုသုံးစွဲပြီး ကျွန်းသည် ယူကလစ်ထက် (၄) ဆခန့်ပိုမိုသုံးစွဲကြောင်း လေ့လာတွေ့ရှိကြရပါတယ်။

ကိန်းဂဏန်းအတိအကျနဲ့ ကျွန်တော်တင်ပြရမယ်ဆိုရင် (၀. ၅၁) နဲ့ ကျွန်းကတော့ (၂. ၁) ဖြစ်တဲ့ အတွက် (၄) ဆလောက်ရေစုပ်ရတာ ကွာတယ်လို့ တင်ပြခြင်းဖြစ်ပါတယ်။ ဒီမှာလည်း ကျွန်တော်တို့ ယူကလစ် သစ်မျိုးများဟာ အခြားသစ်မျိုးများထက် ရေလိုအပ်သုံးစွဲမှု နည်းပါးကြောင်းကို အဲဒီလေ့လာတွေ့ရှိချက်က တွေ့ရပါတယ်။ အိန္ဒိယနိုင်ငံ၊ ကာမာတာကာပြည်နယ်မှာရှိတဲ့ (Rannibennur Blackbuck Sanctuary) မှာဆိုရင် ယူကလစ်သစ်ပင်များ စိုက်ပျိုးခြင်းကြောင့် သားငှက်တိရစ္ဆာန်ဦးရေ တိုးပွားလာကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။

၁၉၅၈ ခုနှစ်မှာ (၁၁၉) ကီလိုမီတာ ကျယ်ပြန့်တဲ့မြက်ခင်းပြင်ကို ဘေးမဲ့တောအဖြစ် ပြုလုပ်ရန် ယူကလစ်ပင်များကို စိုက်ပျိုးခြင်းကြောင့် တိရစ္ဆာန်များတိုးပွားလာကြောင်းကိုလည်း လေ့လာတွေ့ရှိမှုအရ မှတ်တမ်းတင်ခဲ့ကြပါတယ်။ ဘရာဇီးနိုင်ငံမှာ သုတေသနပြုလုပ်မှုအရ ယူကလစ်စိုက်ခင်း တည်ထောင်ခြင်း ကြောင့် ဒေသရဲ့ မိုးရွာသွန်းမှုအခြေအနေပြောင်းလဲသွားခြင်းမရှိကြောင်း၊ ပင်လယ်ရေငွေ့ပြန်ခြင်းကြောင့် ယူကလစ်စိုက်ခင်းများသည် အခြားသစ်မျိုးစိုက်ခင်းများနဲ့ သဘာဝတောများထက် ပင်ရေငွေ့ပြန်ခြင်း၊ သစ်ရေပြန်ခြင်းကို ဆိုလိုခြင်းဖြစ်ပါတယ်။

ပင်ရေငွေ့ပြန်ခြင်းမှာ ယူကလစ်စိုက်ခင်းသည် အခြားသစ်မျိုးစိုက်ခင်းများထက်လည်းကောင်း၊ သဘာဝတောများထက်လည်းကောင်း ပိုမိုနည်းပါးပြီး မြေအောက်ရေမျှခြေ (Water Balance) မှာတော့ တူညီမှုရှိကြောင်း၊ ယူကလစ်စိုက်ခင်းများကြောင့် သဘာဝအပင်များအပေါ် ပျက်စီးနိုင်သည့် အကျိုး သက်ရောက်မှုမရှိကြောင်း စမ်းသပ်တွေ့ရှိခဲ့ရပါတယ်။ တရုတ်နိုင်ငံတွင် သုတေသနပြုလုပ်စမ်းသပ်ချက်များ အရ ယူကလစ်စိုက်ပျိုးမှုကြောင့် စိုက်ခင်းမြေဆီမှာ မြေဆီဩဇာ (၁. ၂၈) ရာခိုင်နှုန်းမှ (၃. ၂၅) ရာခိုင်နှုန်း အထိ မူလအခြေအနေမှ တိုးတက်လာကြောင်း တွေ့ရှိရပြီး မြေပေါ်ရှိ ရွက်ကြွေနှင့် ကိုင်းခြောက်များကို လောင်စာအဖြစ် သုံးစွဲရန် ဖယ်ရှားခြင်းကြောင့်သာ မြေဩဇာ တစ်ဖန်ပြန်လည်ဖြစ်နိုင်မည့် ဇီဝအကြွင်းအကျန် မရှိ၍ မြေဆီလွှာ ပျက်စီးရခြင်းဖြစ်ကြောင်း၊ စနစ်တကျထိန်းသိမ်းထားရှိခဲ့လျှင် သဘာဝဖြစ်စဉ်များအရ မြေဆီဩဇာ တိုးပွားနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ သစ်တောသုတေသနဌာနကလည်း ဒီယူကလစ်နဲ့ပတ်သက်လို့ ဆန်းစစ်သုတေသနပြုမှုများအရ မန္တလေး၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ယူကလစ်စိုက်ခင်းများနှင့် အနီးဝန်းကျင်မှာရှိတဲ့ အခြားသစ်မျိုးစုံစိုက်ခင်းများ၊ သဘာဝတောများမှာ ပတ်ဝန်းကျင်လေအပူချိန်၊ စိုထိုင်းဆ၊ မြေအပူအချိန်၊ အစိုဓာတ်နှင့် အချဉ်ငံဓာတ်တည်ရှိပါဝင်မှုကို နွေ၊ မိုး၊ ဆောင်း၊ ရာသီ (၃) မျိုးမှာ စမ်းသပ်ခဲ့ရာ ကွာခြားမှုမရှိကြောင်း၊ ယူကလစ်စိုက်ခင်းအတွင်း စပါး၊ လယ်စိုက်တဲ့ လယ်ဧကတွေဘေးမှာ ယူကလစ်ပင်ကို ပတ်လည်စိုက်ပျိုးတဲ့အခါမှာလည်း ပုံမှန်လယ်ထွက်တဲ့ စပါးတစ်ဧကနှုန်းဟာ ကွာခြားမှုမရှိကြောင်း၊ အိန္ဒိယ နိုင်ငံနှင့် မြေထဲပင်လယ်ဒေသများမှာ လေ့လာတွေ့ရှိချက်အရ ယူကလစ်သစ်မျိုးများ စိုက်ပျိုးထားတဲ့မြေဟာ ထင်းရှူးနဲ့ အင်ကြင်းစိုက်ပျိုးထားတဲ့မြေထက် မြေဆီလွှာဖွဲ့စည်းတည်ဆောက်ပုံမှာ ပိုမိုကောင်းမွန်ကြောင်း တွေ့ရှိရတဲ့အတွက် မြေဆီလွှာအကျိုးဖြစ်ထွန်းနိုင်ကြောင်း မှတ်တမ်းများအရ သိရှိရပါတယ်။

ယူကလစ်သစ်မျိုး စိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်၊ စီးပွားရေးနှင့် သစ်တောသယံဇာတဆိုင်ရာ အကျိုးကျေးဇူးများကို ဖော်ထုတ်သိရှိရတဲ့အချက်ကတော့ သဘာဝအလျောက်သစ်တောများ ပြန်လည် ဖြစ်ထွန်းရန် မလွယ်ကူတဲ့ အပူပိုင်း လွင်တီးခေါင်ဒေသများမှာ အပူချိန်နှင့်ခြောက်သွေ့မှုဒဏ်ခံနိုင်တဲ့ ယူကလစ် သစ်မျိုးများကို စိုက်ပျိုးပေးခြင်းဖြင့် ဒေသစိမ်းလန်းစိုပြည်ရေးကို ဖြစ်ပေါ်စေခြင်း၊ ဥပမာ အလွန်ပူပြင်းသဖြင့် ရှား၊ ထနောင်း၊ ကန္တာစိမ်းများစတဲ့ အပင်များရှင်သန်နိုင်သည့် ပုဂံ၊ ညောင်ဦး၊ မြင်းခြံ၊ ချောက်၊ ရေနံချောင်း ဒေသများမှာ ယူကလစ်ပင်များ ကောင်းမွန်စွာ ရှင်သန်ဖြစ်ထွန်းနေခြင်း၊ စိုက်ပျိုးမြေအဖြစ် အသုံးမပြုနိုင်တဲ့ မြေညံ့များမှာ စားကျက်မြေအဖြစ် နှစ်ပေါင်းများစွာ အသုံးပြုသော မြေများမှာလည်း ယူကလစ်စိုက်ပျိုးပေး ခြင်းဖြင့် ဆွေးမြည့်သောအကိုင်း၊ အခက်၊ အရွက်များမှ မြေဆီလွှာ ကာဗွန်ဓာတ် [Total Organic Carbon (T.O.C)] ပမာဏ တိုးတက်များပြားလာခြင်း၊ ယူကလစ်သစ်မျိုးဟာ သဲများတွင် အမြစ်ဖွဲ့စည်းမှုလျင်မြန်သဖြင့် လေပြင်းမုန်တိုင်းများကြောင့် စိုက်ပျိုးသီးနှံများ မပျက်စီးစေရန် ယူကလစ်သစ်မျိုးများကို လေကာတန်းအဖြစ် စိုက်ပျိုးပေးခြင်းဖြင့် လေတိုက်နှုန်း (၄၀) ရာခိုင်နှုန်းမှ (၆၀) ရာခိုင်နှုန်းအထိ လျော့နည်းစေခြင်းကြောင့် သီးနှံစိုက်ပျိုးတဲ့ ယာစည်းရိုးများတွင် စိုက်ပျိုးပေးခြင်းဖြင့် သစ်၊ တိုင်၊ မျောများ၊ ထင်း အလွယ်တကူရရှိနိုင်သလို စိုက်ခင်းများမှာလည်း ဝတ်မှုန်ကူးခြင်းမှာ အောင်မြင်နိုင်ကြောင်း၊ ရွှေ့ပြောင်းတောင်ယာခုတ်လှဲမှုကြောင့် သစ်တောပြုန်းတီးနေတဲ့ တောင်ကတုံးများ၊ သစ်တောပြုန်းတီးမှုများ၊ ရေထွက်စိမ့်စမ်းများခန်းခြောက်၍ မြေပြိုတိုက်စားမှုဖြစ်နေတဲ့ ရေဝေရေလဲဒေသများကို လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးရှုထောင့်အရ တိုတောင်းသောအချိန်ကာလအတွင်းသစ်ပင်များ ပြန်လည်စိုက်ပျိုးလိုပါက စဉ်းစားရန်ဖြစ်ကြောင်း၊ ပျက်စီးယိုယွင်းနေသော သစ်တောများတွင် ဒေသတွင်းရှိ ပြည်သူများအတွက် ထင်း၊ မျော၊ တိုင်၊ သစ်စတဲ့ ပစ္စည်းများကို တိုတောင်းသောကာလအတွင်း မြေဧရိယာအနည်းငယ်မှ သစ်ထုထည် အများဆုံးထွက်ရှိနိုင်သဖြင့် ယူကလစ်သစ်မျိုးများစိုက်ပျိုးခြင်းဖြင့်ရရှိနိုင်ကြောင်း၊ ပျိုးထောင်ခြင်းနှင့်စိုက်ပျိုးခြင်း လုပ်ငန်းများကို အလွယ်တကူ ဆောင်ရွက်နိုင်ပြီး ရာသီဥတုနှင့်မြေဆီလွှာ ကန့်သတ်ချက်နည်းတဲ့အတွက် မြန်မာနိုင်ငံရဲ့ နေရာအတော်များများမှာ ယူကလစ်သစ်မျိုးများကို ကျေးလက်ပြည်သူများကိုယ်တိုင် စိုက်ပျိုး နိုင်ကြောင်း၊ ယူကလစ်သစ်မျိုးများကို (၉) ပေပန္နက်၊ တစ်ဧကကို အပင် (၅၄၀) စိုက်ပျိုးခဲ့ပါက (၅)နှစ်မှာ ယူကလစ်တစ်ပင်က သစ် (၇. ၈၁) ကုဗပေရရှိမှာဖြစ်ပြီး၊ တစ်ဧကလျှင် ကုဗတန် (၈၀) ခန့် ရရှိမည် ဖြစ်ကြောင်း၊ တစ်အိမ်ထောင်တစ်နှစ် ထင်းလိုအပ်ချက် (၂. ၅) တန်နှုန်းဖြင့် အိမ်ထောင်စု (၃၃) စုအတွက် ထောက်ပံ့ပေးနိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒီ့အပြင် (၁၀) နှစ်သားစိုက်ခင်းမှာ ယူကလစ်တစ်ပင်ဟာ သစ် (၁၈. ၂၁) ကုဗပေရရှိပြီး၊ စိုက်ခင်း တစ်ဧကအရေအတွက် ထက်ဝက် (၂၇၀) ပင်ကို ပင်ကျပ်နုတ်လျှင် (၉၈. ၃၃) ကုဗတန်ရရှိနိုင်ကြောင်း၊ စိုက်ခင်း (၁၅) နှစ်မှာ ယူကလစ်တစ်ပင်မှ သစ် (၃၄. ၃၄) ကုဗပေ ရရှိပြီး၊ နောက်ဆုံးလက်ကျန်တောထွက် (၁၃၅) ပင်မှ သစ် (၉၂. ၇၂) တန်ထွက်ရှိနိုင်ကြောင်း၊ ဒေသရင်းသစ်မျိုးများနှင့် နှိုင်းယှဉ်လျှင် ယူကလစ် သစ်မျိုးမှ သစ်ထွက်နှုန်း ပိုမိုထွက်ရှိခြင်း၊ ကျွန်တော်တို့နိုင်ငံမှာ ယူကလစ်စိုက်ခင်းများကိုလည်း ဒါကြောင့်မို့လို့ အလေးထားစိုက်ပျိုးခဲ့ရာမှာ (၁၉၄၄၆၈) ဧက တည်ထောင်စိုက်ပျိုးပြီး ဖြစ်ပါတယ်။

ယူကလစ်သစ်မျိုးများရဲ့ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးအတွက် အထောက်အကူပြုမှု၊ ခေတ်မီနည်းပညာများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်မှု၊ စီးပွားရေးအရ အရေးပါမှု၊ စက်မှုကုန်ကြမ်းအတွက် သာမက ကျေးလက်ဒေသနေပြည်သူများအတွက် လူမှုစီးပွားရေးဘဝ မြှင့်တင်နိုင်မှုတို့ကို လေ့လာနိုင်ဖို့ အတွက် ကျွန်တော်တို့ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်တဲ့ ကျွမ်းကျင်ပညာရှင်များအဖွဲ့ကို ၁၂-၅-၂၀၁၅ ရက်နေ့ကနေ ၂၁-၅-၂၀၁၅ ရက်နေ့အထိ ဖော်ပြပါအတိုင်း တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံ လေ့လာရေးခရီးကို စေလွှတ်ခဲ့ပါတယ်။ တင်ပြပါ ဓာတ်ပုံတွေကတော့ တရုတ်နိုင်ငံ ကွမ်တုံပြည်နယ် လမ်းဘေးတစ်လျှောက် စိုက်ပျိုးထားတဲ့ဟာ ဖြစ်ပါတယ်။ နောက် (ကွမ်ကျိုး) City အတွင်းမှာ ယူကလစ် သစ်ပင်များကို တစ်အုပ်တစ်မ စိုက်ပျိုးထားပုံ ဖြစ်ပါတယ်။

ဒါကတော့ ကွမ်တုံပြည်နယ် အမြန်လမ်းမကြီး ဝဲ/ယာမှာ တွေ့ရတဲ့ ယူကလစ်စိုက်ခင်းများဖြစ်ပါတယ်။ (ကွမ်ကျိုး) City နေအိမ်ဝင်းတစ်ခုအတွင်းမှာ မိသားစု တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားတဲ့ ယူကလစ်ပင်များကို တွေ့ရှိရမှုဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ကွမ်တုံပြည်နယ်အတွင်းမှာ Forest key Co.,Ltd. က ယူကလစ်စပ်မျိုးစိုက်ပျိုးဖို့အတွက် မြေပြင်နေတဲ့ဟာကို မြေရဲ့အတန်းအစားကို ဒီမှာကြည့်ရင် အလွန် အတန်းအစားနိမ့်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကတော့ ယူကလစ်စပ်မျိုးအပင်များ ဖြစ်ပါတယ်။ ဒါကွမ်တုံပြည်နယ်အတွင်းမှာရှိတဲ့ ယူကလစ်စပ်မျိုးများ စိုက်ခင်းကို လေ့လာတွေ့ရှိရတဲ့ပုံ ဖြစ်ပါတယ်။

(၅) နှစ်သားစိုက်ခင်းကို ခုတ်လှဲပြီးတော့မှ ထုတ်လုပ်နေပုံဖြစ်ပါတယ်။ သစ်ပါးလွှာစက်ရုံရောင်းချဖို့ ရောက်ရှိလာတဲ့ ယူကလစ်တိုင်နဲ့ မျောများတွေ့မြင်ရပုံဖြစ်ပါတယ်။ စက်ရုံအတွင်းမှာ အတန်းအစားအလိုက် သစ်တွေကို ခွဲထားတဲ့ပုံ ဖြစ်ပါတယ်။ ယူကလစ်တိုင်မျောများမှ သစ်ပါးလွှာ ထုတ်လုပ်တာဖြစ်ပါတယ်။ ဒီမှာလည်း သစ်ပါးလွှာထုတ်လုပ်တဲ့စက်တွေဟာ အခုအခါမှာ ရင်စို့လုံးပတ် (၁၈) လက်မကနေ လက်မ (၂၀) လောက် အထိကို ပါးလွှာထုတ်လုပ်နိုင်ကြောင်း တွေ့ရှိရပါတယ်။ ဒါ ယူကလစ် အထပ်သားများ တွေ့မြင်ရပုံ ဖြစ်ပါတယ်။ ဒီယူကလစ်အထပ်သားနဲ့ပတ်သက်လို့ အထူ/အပါးပေါ် မူတည်ပြီးတော့မှ (၁) ကုဗမီတာရှိတဲ့ ယူကလစ်အထပ်သား၊ ဈေးအားဖြင့် U.S ဒေါ်လာ (၃၀၀) ခန့် အခုအခါမှာ ပေါက်နေပါတယ်။ ဒါကတော့ ယူကလစ်အထပ်သားများကို ထုပ်ပိုးထားပုံ ဖြစ်ပါတယ်။

ဒါက ခုနက သစ်ပါးလွှာထုတ်ပြီးကျန်တဲ့ ယူကလစ်အူတိုင်များကို ထီးလုပ်ငန်းမှာ ထီးလက်ရိုးကိုင် အဖြစ်နဲ့ ပြန်သုံးဖို့အတွက် သူတို့အသုံးချနေတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ဘေးထွက်သားတွေကတော့ လောင်စာအဖြစ်နဲ့ ပြန်ပြီးတော့မှ သုံးတာဖြစ်ပါတယ်။

ဒါကတော့ ဘန်ကောက်မြို့မှာရှိတဲ့ လောင်စာတောင့်စက်ရုံတစ်ရုံပါ။ ယူကလစ်လောင်စာတောင့် ပြည်ပကို တင်ပို့ဖို့ထုပ်ပိုးထားတဲ့ပုံဖြစ်ပါတယ်။ လောင်စာတောင့်အနေနဲ့ မီးရှို့စမ်းသပ်ပြတာဖြစ်ပါတယ်။ ဒါကလည်း ထိုင်းနိုင်ငံ ယူကလစ်ထွက်ကုန်ပစ္စည်းအရောင်းဆိုင်မှာ လာရောက်တင်သွင်းတဲ့ ယူကလစ်တိုင် များကို စီးပွားဖြစ် တင်ပြထားတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ အဆင့်ဆင့် Wood Chip လုပ်ရန်နဲ့ ခုနက ထောက်တိုင်၊ သစ်ပါးလွှာပြုလုပ်ရန်သစ်အရွယ်အစားတွေကို ခွဲခြားထားတာ ဖြစ်ပါတယ်။ ယူကလစ် အိမ်ဆောက်ပစ္စည်းများ ဖြစ်ပါတယ်။ ယူကလစ်ခွဲသားကို ပြန်ပြီးတော့မှ သစ်အစားထိုးရောင်းချတာ ဖြစ်ပါတယ်။

ဒါကတော့ Double A စက္ကူစက်ရုံက စက္ကူပျော့ဖတ်ထုတ်လုပ်ဖို့အတွက် စုဆောင်းထားတဲ့ ယူကလစ် တိုင်နဲ့ မျောများ ဖြစ်ပါတယ်။ ဒါကတော့ ယူကလစ်ကြိတ်ဖတ်ကနေပြီးတော့ စွမ်းအင်ပြန်ထုတ်တဲ့ စက်ရုံ ဖြစ်ပါတယ်။ ဒါ ခုနက စိုက်ပျိုးထားတာ ဖြစ်ပါတယ်။ ဒါ ထိုင်းနိုင်ငံ၊ အမှတ် (၃၀၄) စက်မှုဇုန်လမ်းကြီးရဲ့ ဝဲယာမှာ လမ်းဘေး ဝဲ/ယာကို စီးပွားဖြစ် စိုက်ပျိုးထားတာ ဖြစ်ပါတယ်။ ဒါ Double A ရဲ့ ကုမ္ပဏီပိုင် စိုက်ခင်းများ ဖြစ်ပါတယ်။ ဒါ ခုနက ကျွန်တော်တင်ပြခဲ့တဲ့ လမ်းဘေးဝဲ/ယာ မှာ သစ်တွေကိုခုတ်လှဲပြီးတော့ တင်ပို့နေတဲ့ပုံ ဖြစ်ပါတယ်။

ဒါကတော့ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသွားတဲ့အပေါ်မှာ ခုနက သက်ဆိုင်ရာ ကျွမ်းကျင်တဲ့ ကွမ်ဒေါင်းအကယ်ဒမီ ဖောရက်စ်ထရီမှ အငြိမ်းစားပါမောက္ခ မစ္စတာခီရူဆောင်းနဲ့ တွဲဖက် ပါမောက္ခ မစ္စတာဇင်းလီတို့နဲ့တွေ့ပြီးတော့မှ ညွှန်ကြားရေးမှူးချုပ်ပါဝင်တဲ့ ကျွမ်းကျင်သူအဖွဲ့ကနေပြီး ဖြစ်ပေါ်

နိုင်တဲ့ တစ်ဖက်က အကျိုးစီးပွားဖြစ်နိုင်သလို တစ်ဖက်က အားနည်းချက်တွေ ဘာရှိနိုင်တယ်ဆိုတာကိုလည်း အဲဒီမှာ အသေးစိတ်ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ဒါ ကျွန်တော်က သိနိုင်အောင် ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။

ဒီမှာလည်း ကျွန်တော်တို့ ယူကလစ်စိုက်ပျိုးခြင်းနဲ့ ဘာကြောင့် ကျွန်တော်တို့က ယူကလစ်ကို ဆက်လက်ဆောင်ရွက်သင့်တယ်ဆိုတာကို ခုနက လေ့လာချက်ကနေ ဖော်ထုတ်ပြီးတော့ မကြာခင်မှာလည်း မြန်မာ့ရုပ်မြင်သံကြားအပါအဝင် မီဒီယာများကနေတစ်ဆင့် အသိပေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ယူကလစ်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နည်းပညာအရ ယူကလစ်စပ်မျိုး (Hybrid Eucalypt) တွေကို တစ်သျှူးမျိုးပွားခြင်းနည်းနဲ့ ထုတ်လုပ်ပြီး ပျိုးပင်များကို စိုက်ပျိုးပါက (၃) နှစ်မှ (၅) နှစ်အထိ သစ်ပါးလွှာ ထုတ်လုပ်နိုင်ပြီး တန်ဖိုးမြင့် ယူကလစ်အထပ်သားပြုလုပ်နိုင်ပါတယ်။ စက္ကူပျော့ဖတ်ထုတ်လုပ်ရန်အတွက် Wood Chip နဲ့ လောင်စာတောင့်အတွက် Wood Pellet ထုတ်လုပ်ခြင်းကို စီးပွားရေးအရ အကျိုးအမြတ်များစွာရရှိနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံများမှာ ပျက်စီးပြုန်းတီးသွားတဲ့ တောပျက်များနေရာများသာမက မိမိပိုင်ခြံမြေ၊ လယ်ယာ၊ ကန်သင်း၊ ခြံစည်းရိုးများမှာ ကျယ်ပြန့်စွာ စိုက်ပျိုးနေကြပြီဖြစ်ပါတယ်။ အပူပိုင်းဒေသ သဘာဝတောများမှ သစ်ခုတ်လှဲထုတ်လုပ်ပြီး၊ အထပ်သား ထုတ်လုပ်ခြင်းထက် ယူကလစ်စိုက်ပျိုးထုတ်လုပ်ခြင်းက စီးပွားရေးတွက်ခြေကိုက်ခြင်း၊ သဘာဝတောအပေါ် ထိခိုက်မှုသက်သာခြင်း အထူးသဖြင့် သဘာဝသစ်တောများအပေါ် မှီခိုနေထိုင်ကြသော ဒေသခံပြည်သူများအတွက် နိစ္စဓူဝစားဝတ်နေရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ သီးနှံစိုက်ပျိုးမရနိုင်သည့် မြေနေရာများမှာ ယူကလစ်ပင်များ စိုက်ပျိုးခြင်းဖြင့် ဒေသခံများအတွက် လိုအပ်တဲ့ ထင်း၊ လောင်စာရရှိနိုင်သကဲ့သို့ အချိန်တိုအတွင်းမှာလည်း စီးပွားရေးအရ အကျိုးအမြတ်ရရှိနိုင်ခြင်း၊ ပြုန်းတီးသွားသော သစ်တောပျက်ဧရိယာများတွင် သစ်တောများလျင်မြန်စွာ ပြန်လည်ထူထောင်နိုင်ခြင်း၊ တစ်ကြိမ်စိုက်ပျိုးရုံဖြင့် ငုတ်တက်များမှ သုံးကြိမ်ခန့်အထိ ပြန်ပေါက်နိုင်တဲ့အတွက် ထပ်မံစိုက်ပျိုးရန်မလိုဘဲ စီးပွားရေးအရ တွက်ခြေကိုက်ခြင်းစတဲ့ အကျိုးကျေးဇူးများရရှိမှာဖြစ်ပါတယ်။

တိုးပွားလာသော လူဦးရေအတွက် ထင်း၊ မီးသွေး၊ တိုင်၊ မျော၊ သစ်နှင့်သစ်တောထွက်ပစ္စည်း လိုအပ်ချက်များကို ကျန်ရှိသောသဘာဝတောများအပေါ်မှာ တည်မှီမနေဘဲနဲ့ ကျွန်တော်တို့ရဲ့ ကိုယ်တိုင်စိုက်ပျိုးတဲ့ စိုက်ပျိုးမှုမှရရှိတဲ့အပေါ်မှာသာ ကျွန်တော်တို့ တည်မှီဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ ခုနက အပူပိုင်းလွင်တီးခေါင်ဒေသများ၊ အပင်ရှင်သန်ရန်အခက်အခဲရှိတဲ့ မြေညံ့တဲ့စားကျက်မြေများ၊ သစ်တော အမြန်ပြန်လည်ဖြစ်ထွန်းရန် လိုအပ်လျက်ရှိပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်နှင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စက်ရုံများ အလုပ်ရုံများအတွက် သစ်ကုန်ကြမ်းလိုအပ်ချက်များကို အချိန်တိုအတွင်း အများဆုံး ဖြည့်ဆည်းပေးနိုင်ရန်တို့အတွက် အကြီးမြန်၊ ဘက်စုံအသုံးဝင်တဲ့ ယူကလစ်သစ်မျိုးအား စိုက်ပျိုးရန် လိုအပ်မည်ဖြစ်ပါတယ်။

ထိုသို့စိုက်ပျိုးရာမှာ ဒေသခံမျိုးရင်းသစ်ပင်များ ကောင်းစွာရှင်သန်ဖွံ့ဖြိုးနိုင်ခြင်းမရှိတဲ့ တောင်တန်းဒေသ၊ ကုန်းမြင့်ဒေသ၊ ကမ်းခြေဒေသနှင့် အခြားမြေဒေသများအသုံးဝင်မှုနှင့် စီးပွားရေးတွက်ခြေကိုက်မှုအပေါ် မူတည်ပြီး စိုက်ပျိုးမှုများကို တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနေရာမှာလည်း ကျွန်တော်တို့ သစ်တောမြေကနေ နှစ်ကာလအတန်ကြာနေထိုင်ခဲ့ကြတဲ့ ကျွန်တော်တို့ရဲ့ကျေးလက်နေပြည်သူများအတွက် ကျွန်တော်တို့ သစ်တောကြိုးဝိုင်းကနေပြီးတော့မှ လယ်မြေ၊ အများပိုင်မြေ၊ လူနေထိုင်မှုမြေများကို ပယ်ဖျက်ပေးပြီးတော့မှ ယာမြေများကိုတော့ ဒေသခံအစုအဖွဲ့ပိုင်လုပ်ငန်းနှင့် ခွင့်ပြုသွားမယ်ဆိုပြီးတော့ အတိအလင်းလည်း ကြေညာထားပြီးဖြစ်ပါတယ်။ ဒေသခံအစုအဖွဲ့ပိုင်လုပ်ငန်းအတွက် သစ်တောမြေကနေဒေသခံကျေးလက်နေပြည်သူများအတွက် မြေဧက စုစုပေါင်း (၈၄၀၀၀၀) ကျော်ရှိပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းထူထောင်တဲ့နေရာမှာ ယူကလစ်သစ်မျိုးများကို ဖြန့်ဖြူးပြီး ထူထောင်ဖို့ ကျွန်တော်တို့ စဉ်းစားဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်ရာမှာလည်း ဝယ်လက်ရရှိဖို့အတွက် ခိုင်မာတဲ့ဈေးကွက်ဖြစ်ဖို့ ခုနက ဝယ်လက်အတွက်ကလည်း ကျွန်တော်တို့ တစ်ခါတည်း ချိတ်ဆက်ပြီးတော့မှ စီးပွားရေးအရ နောက်ဆုံးထုတ်ကုန်အဆင့်အထိ

သွားမယ့် စီးပွားရေးချိတ်ဆက်မှုလုပ်ငန်းတွေကိုလည်း ကြိုးစားပြီးတော့မှ ပုဂ္ဂလိကကဏ္ဍရော၊ နောက်တစ်ခါ ကျေးလက်ကဏ္ဍရော ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီယူကလစ်ဟာ စိုက်ပျိုးခြင်းနဲ့ အကျိုးနဲ့ အပြစ်ကို ပြည်သူများ ပွင့်လင်းမြင်သာစွာသိနိုင်ဖို့လည်း ကျွန်တော်တို့ ၂၀၁၀ ခုနှစ်က သတင်းစာတွေမှာလည်း ယူကလစ်နဲ့အကျိုးအပြစ် ဖြစ်ထွန်းနိုင်မယ့်ဟာတွေ၊ ယူကလစ်နဲ့ သဘာဝပတ်ဝန်းကျင်ဆိုပြီးတော့မှ ဆောင်းပါးများလည်း ထည့်သွင်းဖော်ပြခဲ့တာ ရှိပါတယ်။ ဒီ့အပြင် ယူကလစ်အိမ်ရာထူထောင်ခြင်းဆိုပြီးတော့မှ ဗီဒီယိုမှတ်တမ်းတွေနဲ့လည်း အဲဒီအချိန်က ကျယ်ကျယ်ပြန့်ပြန့် ပြည်သူကို ချပြဆွေးနွေးစည်းရုံးခဲ့တာရှိပါတယ်။

ဆက်လက်ပြီးလည်း ကျွန်တော်တို့က ယူကလစ်စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်တဲ့ အကျိုးနှင့်အပြစ်များကို ဒေသခံပြည်သူများကိုချပြပြီး ကျွန်တော်တို့နိုင်ငံအတွက် လိုအပ်တဲ့ အဓိကအားဖြင့်စက်မှုကုန်ကြမ်းလိုအပ်ချက်တို့အတူပဲ ထင်း၊ မီးသွေးလိုအပ်ချက်၊ ဒီ့အပြင် ကျေးလက်နေ ပြည်သူများရဲ့ အထွေထွေလိုအပ်ချက်များ အပေါ်မှာဖြည့်ဆည်းနိုင်မှာဖြစ်ပါတယ်။ စီးပွားရေးအရလည်း (၃) နှစ်မှာခုတ်တဲ့အခါမှာ အခုဝယ်မယ့်ဟာသည် မည်သည့်အရွယ်ပဲဖြစ်ဖြစ် အခေါက်မခွာ တစ်ပိဿာကို (၃၀) ကျပ်နှုန်းနဲ့ ဝယ်နိုင်ဖို့အတွက် ကျေးလက်တွေမှာ လိုက်ပြီးတော့ လက်မောင်းကွေးလောက်အထိ ဝယ်ဖို့ ဒါကိုလည်း စည်းရုံးဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ကျွန်တော်တို့ ခုနက သစ်ကိုပါးလွှာထုတ်နိုင်ဖို့အတွက် လုံးပတ်အားဖြင့် (၂)ပေခန့်ရှိတဲ့ဟာကိုလည်း ကျွန်တော်တို့က အဲဒီမှာဆိုလို့ရှိရင် တစ်ပိဿာကို အလေးချိန်အားဖြင့် (၆၀) ကျပ်နှုန်းနဲ့ အနည်းဆုံးဝယ်နိုင်အောင် သက်ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းလုပ်ငန်းရှင်များကို စည်းရုံးပြီးလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ ဒီနေ့ ကျွန်တော်တင်ပြလိုတာကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလှဆွေ ဆွေးနွေးတာသည် ကျွန်တော်တို့ ဒီနေ့ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆင်းရဲမှုလျော့နည်းကျဆင်းရေးအပြင်ကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းတွေမှာ ဒေသခံ၊ အထူးသဖြင့် ကျေးလက်နေပြည်သူများအတွက် အထောက်အကူပြုတဲ့ ယူကလစ်စိုက်ပျိုးခြင်းလုပ်ငန်းကို ရှင်းလင်းတင်ပြရတဲ့အတွက် လွန်စွာကျေးဇူးတင်ရှိမိပါကြောင်းနဲ့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးကိုလည်း ဒီလိုအခွင့်အလမ်းပေးတဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလှဆွေမေးတဲ့ မေးခွန်းနဲ့ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်ဖြေကြားတဲ့ ဖြေကြားချက်များသည် နိုင်ငံနှင့်ပြည်သူတွေအတွက် အင်မတန်အကျိုးရှိတဲ့ မေးခွန်းနှင့် အဖြေဖြစ်တဲ့အတွက် နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းပေးဖို့ ရုံးအဖွဲ့ကို ညွှန်ကြားပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၅

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက် )

ပြန်ကြားရေးဝန်ကြီးဌာနသည် သတင်းမီဒီယာဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့်ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို သတင်းမီဒီယာနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် သတင်းမီဒီယာဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) ဥပဒေဆိုသည်မှာ သတင်းမီဒီယာဥပဒေကို ဆိုသည်။

(ခ) သတင်းဆိုရာတွင် အချက်အလက် (Data)၊ မှုရင်းစာ (Text)၊ ပုံရိပ်သင်္ကေတ (Image)၊ အသံ၊ သင်္ကေတ (Code)၊ ကွန်ပျူတာပရိုဂရမ်၊ ဆော့ဖ်ဝဲနှင့်အချက်အလက်အစုအဝေး (Data Base) တို့ ပါဝင်သည်။

(ဂ) သတင်းအချက်အလက်ရယူခွင့်ဆိုရာတွင် သတင်းနှင့်စပ်လျဉ်း၍ အများပြည်သူ သိခွင့်ရှိသော သတင်းအချက်အလက်များကို သက်ဆိုင်ရာပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းတစ်ခုခုနှင့်ဖြစ်စေ၊ ယင်းတို့ တစ်ခုခုထံမှဖြစ်စေ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက သတ်မှတ်ထားသော စည်းကမ်းနှင့်အညီ လိုအပ်သော တွေ့ဆုံမေးမြန်းစုံစမ်းခွင့်၊ ကိန်းဂဏန်း၊ အချက်အလက်၊ စာရင်းဇယား၊ ရုပ်ပုံ၊ ဓာတ်ပုံ၊ သရုပ်ဖော်ပုံတို့ကို မိတ္တူကူးခွင့်၊ ကွန်ပျူတာဖိုင်ကူးခွင့်၊ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင်ခွင့် စသည်တို့ ပါဝင်သည်။

(ဃ) တိုင်ကြားလွှာဆိုသည်မှာ သတင်းမီဒီယာသမားတစ်ဦးဦးက ဥပဒေပုဒ်မ ၉ တွင်ပြဋ္ဌာန်းထားသည့် တာဝန်နှင့် ကျင့်ဝတ်စည်းကမ်းတစ်ရပ်ရပ်ကို ချိုးဖောက်ခြင်းအတွက် အရေးယူပေးရန် နစ်နာသူက ကောင်စီသို့ တိုင်ကြားသည့် လျှောက်လွှာကိုဆိုသည်။

(င) လုပ်ငန်းကော်မတီဆိုသည်မှာ ဥပဒေ ပုဒ်မ ၁၈ အရ ကောင်စီကဖွဲ့စည်းပေးသော လုပ်ငန်း ကော်မတီများကို ဆိုသည်။

(စ) အဖွဲ့ဆိုသည်မှာ ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) ပါ အဆိုပြုသည့် ကိုယ်စားလှယ်များနှင့် (ဂ) ပါ ရွေးချယ်သည့် ကိုယ်စားလှယ်များကို ကောင်စီဝင်အဖြစ် ရွေးချယ်ပေးသည့် ကောင်စီဝင် ရွေးချယ် တင်မြှောက်ရေးအဖွဲ့ကို ဆိုသည်။

## **အခန်း (၂)**
## **သတင်းမီဒီယာလုပ်ငန်း ထူထောင်ခြင်း**

၃။ သတင်းမီဒီယာလုပ်ငန်းကို ကုမ္ပဏီဖွဲ့စည်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ လုပ်ကိုင်သူသည် သတင်း မီဒီယာလုပ်ငန်း အသိအမှတ်ပြုလက်မှတ် သို့မဟုတ် လုပ်ငန်းလိုင်စင်မိတ္တူကို ကောင်စီသို့ ပေးပို့ရမည်။

၄။ သတင်းမီဒီယာ လုပ်ငန်းလုပ်ကိုင်သည့် အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်သည် သတင်းမီဒီယာ လုပ်ငန်း လုပ်ကိုင်သူအဖြစ်မှ ရပ်နားလျှင်ဖြစ်စေ၊ ဆက်လက်လုပ်ကိုင်ခြင်း မပြုတော့လျှင်ဖြစ်စေ၊ သတင်း မီဒီယာလုပ်ငန်းနှင့်စပ်လျဉ်းသည့် အသိအမှတ်ပြုလက်မှတ်၊ လုပ်ငန်းလိုင်စင် သို့မဟုတ် ခွင့်ပြုချက်ကို ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းခံရလျှင်ဖြစ်စေ ကောင်စီသို့ ဆောလျင်စွာ အကြောင်းကြားရမည်။

## **အခန်း (၃)**
## **ကောင်စီဝင် ရွေးချယ်တင်မြှောက်ခြင်း**

၅။ (က) ကောင်စီဝင်များ ရွေးချယ်တင်မြှောက်ရာတွင် တရားမျှတမှန်ကန်မှုနှင့် စနစ်တကျဖြစ်စေရန် ဝန်ကြီးဌာနသည် ကောင်စီနှင့်ညှိနှိုင်း၍ ကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။ သို့ရာတွင် ပထမအကြိမ် ဖွဲ့စည်းရာ၌ ဝန်ကြီး ဌာနသည် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) နှင့် ညှိနှိုင်း၍ ဖွဲ့စည်းနိုင်သည်။

(ခ) နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ (က) အရ အဖွဲ့ဖွဲ့စည်းရာတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ရမည်-

(၁) ကောင်စီဝင်အဖြစ် ထပ်မံအရွေးခံခြင်းမပြုမည့် ကောင်စီဝင် (၃)ဦး၊

**ခြွင်းချက်။** ပထမအကြိမ်အတွက်၊ ကောင်စီဝင်အဖြစ် ထပ်မံအရွေးခံခြင်းမပြုမည့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) အဖွဲ့ဝင် (၃) ဦး။

(၂) ကောင်စီဝင်အဖြစ် အရွေးမခံမည့် ဥပဒေပညာရှင် (၂) ဦး၊

(၃) ကောင်စီဝင်အဖြစ် အရွေးမခံမည့် သတင်းမီဒီယာနှင့် သက်ဆိုင်သည့် တတ်သိပညာရှင် (၃) ဦး၊

(၄) ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်ထက်မနိမ့်သည့် အရာထမ်း (၁) ဦး။

၆။ နည်းဥပဒေ ၅ အရ ဖွဲ့စည်းသည့်အဖွဲ့သည် မိမိတို့အဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တစ်ဦးစီကို အများဆန္ဒဖြင့် ရွေးချယ်တာဝန်ပေးရမည်။

၇။ အောက်ပါအချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သူအား ကောင်စီဝင်လောင်းအဖြစ် အမည်စာရင်း တင်သွင်းခြင်းမပြုရ -

(က) နိုင်ငံ့ဝန်ထမ်းဖြစ်ခြင်း၊

(ခ) မကျန်းမာမှုကြောင့် ကောင်စီ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်စွမ်းမရှိခြင်း၊

(ဂ) အကျင့်စာရိတ္တပျက်ပြားမှုနှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရဖူးသူဖြစ်ခြင်း၊

(ဃ) နိုင်ငံရေးပါတီတစ်ခုခုတွင် အမှုဆောင်ရာထူးတာဝန် ထမ်းဆောင်နေသူဖြစ်ခြင်း။

၈။ (က) အဖွဲ့သည် ကောင်စီဝင် ရွေးချယ်တင်မြှောက်ရာတွင် ပါဝင်ရွေးချယ်တင်မြှောက်ခံသူများ အမည်စာရင်း တင်သွင်းပေးရန် ကြေညာရမည်။

(ခ) သတင်းမီဒီယာသမားများ၊ သတင်းအေဂျင်စီများ၊ ပုံနှိပ်ထုတ်ဝေသူများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်း ရုပ်ပြဆရာများသည် မိမိတို့အဆိုပြုသည့် ကိုယ်စားလှယ်လောင်း အမည်စာရင်းကိုလည်းကောင်း၊ လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာအသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သည့် လူထုအဖွဲ့အစည်း များသည် မိမိတို့ရွေးချယ်သည့် ကိုယ်စားလှယ်လောင်းအမည်စာရင်းကိုလည်းကောင်း စတင် ကြေညာသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အဖွဲ့ထံ တင်ပြရမည်။

၉။ အဖွဲ့သည် -

(က) နည်းဥပဒေ ၈ ပါ ကိုယ်စားလှယ်လောင်းဦးရေ အဆိုပြုချက်ရရှိပြီးပါက သတ်မှတ်ချက်များနှင့် အညီ ရွေးချယ်ပွဲမတိုင်မီ ၁၅ ရက်ထက်မနည်း ကိုယ်စားလှယ်လောင်း အမည်စာရင်းကို ကြိုတင် ကြေညာရမည်။

(ခ) ရွေးချယ်တင်မြှောက်ပွဲ ကျင်းပမည့်နေ့ရက်၊ အချိန်၊ နေရာတို့ကို ရက်ပေါင်း ၃၀ ထက်မနည်း ကြိုတင်ကြေညာရမည်။

၁၀။ အဖွဲ့သည် အဆိုပြုလာသည့် ကိုယ်စားလှယ်လောင်းများနှင့် ရွေးချယ်သည့် ကိုယ်စားလှယ်လောင်းများ အနက် အောက်ဖော်ပြပါ ကောင်စီဝင်လောင်းအရေအတွက်ကို ရွေးချယ်ပေးရမည် -

(က) သတင်းမီဒီယာသမားများ၊ သတင်းအေဂျင်စီများ၊ ပုံနှိပ်သူများ၊ ထုတ်ဝေသူများနှင့် ဖြန့်ချိသူများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်းရုပ်ပြဆရာများက သတ်မှတ်အချိုးအစားအလိုက် အဆိုပြုသည့် ကိုယ်စားလှယ်များ (၁၀) ဦးမှ (၂၂) ဦး၊

(ခ) လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာအသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သည့် လူထုအဖွဲ့အစည်းများက ရွေးချယ်သည့် ကိုယ်စားလှယ် (၂) ဦးမှ (၅) ဦး။

၁၁။ (က) နိုင်ငံတော်သမ္မတက အဆိုပြုသည့် ကိုယ်စားလှယ်တစ်ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုသည့် ကိုယ်စားလှယ်တစ်ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပြုသည့် ကိုယ်စားလှယ်တစ်ဦးတို့မှအပ ကျန်ကိုယ်စားလှယ်လောင်းများကို သက်ဆိုင်ရာအစုအဖွဲ့များမှ ရွေးချယ်နိုင်ရေးအတွက် အဖွဲ့နှင့်တိုင်ပင်ပြီး ဝန်ကြီးဌာနက လိုအပ်သော သတ်မှတ်ချက်များ ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီဝင်များ ရွေးချယ်တင်မြှောက်ရာတွင် လွတ်လပ်ပြီး တရားမျှတသောနည်းလမ်းဖြင့် ဆောင်ရွက်ရမည်။

(ဂ) ကောင်စီဝင်များ ရွေးချယ်ပွဲတွင် ကိုယ်စားလှယ်လောင်းများက ကန့်ကွက်လိုပါက ရွေးချယ်တင်မြှောက်ပွဲ ကျင်းပသည့်နေ့ရက်မှ ၇ ရက်အတွင်း အဖွဲ့ထံ တင်ပြနိုင်သည်။

(ဃ) နည်းဥပဒေခွဲ (ဂ) ပါ တင်ပြချက်ကို လက်ခံရရှိသည့် နေ့ရက်မှ ၁၅ ရက်အတွင်း ကြားနာစစ်ဆေးပြီး ဆုံးဖြတ်ရမည်။ အဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၁၂။ ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ အဆိုပြုသည့် ကောင်စီဝင်များနှင့် ရွေးချယ်တင်မြှောက်ခြင်းခံရသော ကောင်စီဝင်များသည် ကောင်စီ၏ ဥက္ကဋ္ဌ (၁) ဦး၊ ဒုတိယဥက္ကဋ္ဌ (၂) ဦး၊ အတွင်းရေးမှူး (၁) ဦး၊ တွဲဖက်အတွင်းရေးမှူး (၂) ဦး၊ ဘဏ္ဍာရေးမှူး (၁) ဦးနှင့် စာရင်းစစ် (၁) ဦးတို့ကို ကောင်စီဝင်များထဲမှ အများဆန္ဒအရ ရွေးချယ်တင်မြှောက်ရမည်။

၁၃။ အဖွဲ့သည် ရွေးချယ်တင်မြှောက်ခြင်းခံရသော ကောင်စီဝင်များ၏ အမည်စာရင်းကို နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

၁၄။ တင်မြှောက်ခြင်းခံရသည့် ကောင်စီဝင်များသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းပြီးနောက် ရက်ပေါင်း ၃၀ အတွင်း နိုင်ငံတော်သမ္မတရှေ့မှောက်တွင် ကတိသစ္စာပြုရမည်။

၁၅။ အဖွဲ့သည် ကောင်စီသက်တမ်း နောက်တစ်ကြိမ်အတွက် အဖွဲ့အသစ်ဖွဲ့စည်းသည်အထိ လုပ်ငန်းတာဝန် ထမ်းဆောင်ရမည်။

## အခန်း (၄)
## ကောင်စီဝင် အစားထိုးရွေးချယ်ခြင်းနှင့် သက်တမ်း

၁၆။ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က အဆိုပြုရွေးချယ်သည့် ကောင်စီဝင်တစ်ဦးဦးသည် ဥပဒေပုဒ်မ ၁၆ ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ကောင်စီဝင်အဖြစ်မှ ရပ်စဲသွားသည့်အခါ ထိုလစ်လပ်သွားသော ကောင်စီဝင်အစား မူလအဆိုပြုရွေးချယ်ပေးခဲ့သည့် ပုဂ္ဂိုလ်မှ အစားထိုးရွေးချယ်ရမည်။

၁၇။ အဖွဲ့သည် နိုင်ငံတော်သမ္မတနှင့် လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးတို့က အဆိုပြုရွေးချယ်သည့် ကောင်စီဝင်မှအပ ကျန်ကောင်စီဝင်များအနက် -

(က) ကောင်စီဝင်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ကောင်စီဝင်များ ဥပဒေပုဒ်မ ၁၆ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ရပ်စဲသွားသည့်အခါ ထိုလစ်လပ်သွားသော ကောင်စီဝင်၏ သက်ဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအနက် လစ်လပ်သည့်ကောင်စီဝင်အရေအတွက်ကို အစားထိုးရွေးချယ်နိုင်သည်။

(ခ) ကောင်စီဝင်ဦးရေ အနည်းဆုံး သတ်မှတ်ချက် ၁၅ ဦးအောက်လျော့နည်းပါက အစားထိုးရွေးချယ်တင်မြှောက်ခြင်းကို ရက်ပေါင်း ၆၀ အတွင်း ကျင်းပ၍ ရွေးချယ်ရမည်။

(ဂ) အစားထိုးရွေးချယ် တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ ဤနည်းဥပဒေများ၊ အခန်း (၃) ပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၈။ (က) နည်းဥပဒေ ၁၇ အရ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရပြီး အမိန့်ကြော်ငြာစာထုတ်ပြန်၍ ထည့်သွင်းဖွဲ့စည်းသည့် ကောင်စီဝင်၏ သက်တမ်းသည် ကောင်စီ၏ ကျန်ရှိသည့် သက်တမ်းအတွက်သာ ဖြစ်သည်။

(ခ) အဖွဲ့သည် ကောင်စီ၏သက်တမ်း ၃ နှစ်မပြည့်မီ အနည်းဆုံး ၃ လကြိုတင်၍ ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသစ်ဖွဲ့စည်းမည့် ကောင်စီကို ရွေးချယ်တင်မြှောက်ရမည်။

## အခန်း (၅)
## ကောင်စီ၏ လုပ်ငန်းစဉ်များ

၁၉။ ကောင်စီသည် ဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ရာတွင် အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည် -

(က) ဥပဒေနှင့်အညီ လွတ်လပ်စွာရေးသား၊ ထုတ်ဝေဖြန့်ချိခွင့်၊ ထုတ်လွှင့်ခွင့်ရရှိရေးကို ဆောင်ရွက်ပေးခြင်း၊

(ခ) သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်၊ ကျင့်ဝတ်၊ စည်းကမ်းနှင့်ကျင့်စဉ်များကို လိုက်နာခြင်းမရှိသော စာနယ်ဇင်းသမားများအား အငြင်းပွားမှုနှင့် တိုင်ကြားမှုများ ညှိနှိုင်းဖြေရှင်းရေးကော်မတီက သတ်မှတ်ပေးသော လုပ်ငန်းတာဝန်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဂ) ကောင်စီဝင်အားလုံး တက်ရောက်သော နှစ်ပတ်လည်အစည်းအဝေး အစီရင်ခံစာပြုစုခြင်း၊ ဘဏ္ဍာရေးကိစ္စ ညှိနှိုင်းခြင်းတို့ကို ပြုလုပ်ပြီး နိုင်ငံတော်သမ္မတထံ အစီရင်ခံစာတင်ပြခြင်း၊

(ဃ) ကောင်စီဝင်အားလုံးပါဝင်သော အစည်းအဝေးကို အနည်းဆုံး နှစ်လလျှင် တစ်ကြိမ် ကျင်းပခြင်း။

၂၀။ ကောင်စီသည် ဥပဒေပါရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်ပါက သတင်းမီဒီယာဆိုင်ရာအဖွဲ့အစည်းများ၊ ယင်းတို့၏ကိုယ်စားလှယ်များနှင့် ညှိနှိုင်းပြီး အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်သည် -

(က) သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ပုံနှိပ်သူ၊ ထုတ်ဝေသူများက မိမိတို့တည်ထောင်ဆောင်ရွက်နေသည့် လုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် အသင်းအဖွဲ့စာရင်းကို ကောင်စီသို့ စာရင်းပေးသွင်းစေခြင်း၊

(ခ) သတင်းမီဒီယာများ၊ စာနယ်ဇင်း အသင်းအဖွဲ့များက သတင်းမီဒီယာကျင့်ဝတ် ဖောက်ဖျက်မှုများ ရှိလာပါက သတိပေးခြင်း၊ အဆိုပါဖောက်ဖျက်မှုများနှင့် အငြင်းပွားမှုဆိုင်ရာညှိနှိုင်းဖြေရှင်းပေးမှု ရလဒ်များကို အများပြည်သူသို့ ထုတ်ပြန်ကြေညာခြင်း၊

(ဂ) သတင်းမီဒီယာသမားများ၏ ဥပဒေနှင့်အညီလုပ်ငန်းဆောင်ရွက်မှုများအပေါ် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးဦးက စွက်ဖက်နှောင့်ယှက်ခြိမ်းခြောက်မှုများ ပြုလုပ်ပါက အဆိုပါပြုမူမှုကို အများပြည်သူသို့ ထုတ်ပြန်ကြေညာခြင်း၊

(ဃ) သတင်းလွတ်လပ်ခွင့်၊ ကျင့်ဝတ်များနှင့်အညီ ရေးသားပုံနှိပ်ဖြန့်ချိမှုများနှင့်စပ်လျဉ်း၍ အခြားအဖွဲ့အစည်းများနှင့် ဖြေရှင်းရန် လိုအပ်သည့်ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခြင်း၊

(င) ပုဂ္ဂလိကသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ ပုံနှိပ်ထုတ်ဝေရေး၊ ဖြန့်ချိရေးလုပ်ငန်းများတွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံမှ လိုအပ်သော အထောက်အပံ့များရရှိရေးအတွက် ဆွေးနွေးအဖြေရှာခြင်း၊

(စ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းများ၌ သတင်းရယူရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက သတင်းထုတ်ပြန်ရေးနှင့်ပတ်သက်၍ တာဝန်ပေးအပ်ထားသည့် ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) သတင်းထောက်များက သတင်းယူရာတွင် သတ်မှတ်ထားသော တံဆိပ်၊ သက်သေခံ အထောက်အထားများ ပါရှိစေရေး ဆောင်ရွက်ခြင်း၊

(ဇ) သတင်းမီဒီယာသမားများ၏ အရည်အသွေး တိုးတက်မြင့်မားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဈ) ကောင်စီ၏ လုပ်ငန်းများကို အထောက်အကူဖြစ်မည့် အကြံပေးချက်များ စသည့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ည) သတင်းစာ၊ မဂ္ဂဇင်း၊ စာစောင်များနှင့် ထုတ်ဝေစာများ ထုတ်ဝေခွင့်ပြုခြင်း သို့မဟုတ် ထုတ်ဝေခွင့် ရပ်ဆိုင်းခြင်းနှင့်စပ်လျဉ်းသော စာရင်းကို ရရှိနိုင်ရေး မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဋ) သတင်းမီဒီယာနှင့် သက်ဆိုင်သော အခြားအဖွဲ့အစည်းများထံမှ လုပ်ငန်းထူထောင်သူများ စာရင်းနှင့် အချက်အလက်များကို ကောင်စီသို့ ပေးပို့ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဌ) ဥပဒေပုဒ်မ ၁၈ ပါ လိုအပ်သော လုပ်ငန်းကော်မတီများကို ဖွဲ့စည်းရာတွင် လိုအပ်သော ကောင်စီဝင် များနှင့် ကောင်စီဝင်မဟုတ်သူများကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ ပါဝင်ဆောင်ရွက်စေခြင်း။

## အခန်း (၆)
## ကောင်စီဝင်များနှင့်ရပိုင်ခွင့်များ

၂၁။ ကောင်စီဝင်များသည် ကောင်စီ၏ လုပ်ငန်းတာဝန်နှင့်စပ်လျဉ်း၍ ကျင်းပသော ပြည်တွင်း၊ ပြည်ပ အစည်းအဝေး၊ ဆွေးနွေးပွဲနှင့် အခမ်းအနားများသို့ တက်ရောက်သည့်အတွက် ခရီးစရိတ်၊ တည်းခိုစရိတ်တို့ အပါအဝင် ကုန်ကျစရိတ်များကို ကောင်စီက သတ်မှတ်သည့် နှုန်းထားအတိုင်း ရယူခွင့်ရှိသည်။

၂၂။ ကောင်စီဝင်များသည် နည်းဥပဒေ ၂၁ ပါ ကုန်ကျစရိတ်အပြင် မိမိတို့အား ရွေးချယ်တင်မြှောက်သည့် စာနယ်ဇင်းအဖွဲ့အစည်းက ချီးမြှင့်သည့်ငွေကို ခံစားခွင့်ရှိသည်။ ကောင်စီဝင်များသည် မိမိတို့၏ ကောင်စီ ဆိုင်ရာ တာဝန်ဝတ္တရားများအပြင် မိမိတို့နှင့်သက်ဆိုင်သော စာနယ်ဇင်းအဖွဲ့အစည်းများအတွက်လည်း ပူးတွဲတာဝန်ထမ်းဆောင်ခွင့်ရှိသည်။

၂၃။ ကောင်စီဝင်တစ်ဦးအဖြစ်လည်းကောင်း၊ စာနယ်ဇင်းသမားတစ်ဦးအဖြစ်လည်းကောင်း မိမိလုပ်ငန်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုကြောင့် ပေးကမ်းသည့် တံစိုးလက်ဆောင်တစ်စုံတစ်ရာကို လက်ခံခွင့်မရှိစေရ။

## အခန်း (၇)
## ကောင်စီ၏ လုပ်ငန်းတာဝန်များ လွှဲပြောင်းလက်ခံခြင်း

၂၄။ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်ဖွဲ့စည်းသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကောင်စီပိုင်ငွေကြေးနှင့်ပစ္စည်းများနှင့်စပ်လျဉ်းသည့် အောက်ပါတို့အား လွှဲပြောင်းရမည် -

(က) ကောင်စီ၏ ရန်ပုံငွေနှင့် ငွေစာရင်းများ၊

(ခ) ရရန်ရှိငွေနှင့် ပေးရန်ရှိငွေများ၊ ယင်းတို့နှင့်ပတ်သက်သည့် စာရင်းဇယားများ၊

(ဂ) ကောင်စီ၏ ရုံးသုံးပစ္စည်းများ၊ ပရိဘောဂများ၊ စာရွက်စာတမ်း၊ မှတ်တမ်းများ၊ စာတွဲများ၊ စာအုပ်များ၊

(ဃ) ဝန်ထမ်းစာရင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်ခွဲဝေပုံများ၊

(င) ကောင်စီပိုင်အခြားပစ္စည်း၊ ကိရိယာတန်ဆာပလာများ၊

(စ) စာချုပ်စာတမ်းများ၊ ဘဏ်စာအုပ် စသည်များ၊

(ဆ) ကောင်စီကဖွဲ့စည်း ဆောင်ရွက်သည့် ကော်မတီ၊ လုပ်ငန်းအဖွဲ့ဆိုင်ရာ အမှုတွဲများ၊

(ဇ) ကောင်စီကပိုင်သော သို့မဟုတ် အသုံးပြုလျက်ရှိသော အခြားရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ။

၂၅။ ကောင်စီ၏လုပ်ငန်းတာဝန်အရပ်ရပ်ကို အသစ်ဖွဲ့စည်းသည့်ကောင်စီသို့ လွှဲပြောင်းပြီးသည့် အချိန်မှ စ၍ သက်တမ်းကုန်ဆုံးသွားသည့် ကောင်စီ၏တာဝန် ပြီးဆုံးသည်ဟု မှတ်ယူရမည်။

၂၆။ သက်တမ်းကုန်ဆုံးသွားသည့် ကောင်စီ၏ လက်ထက်တွင် မပြီးပြတ်သေးသော အမှုကိစ္စများနှင့် လုပ်ငန်းတာဝန်အားလုံးကို လွှဲပြောင်းလက်ခံသည့် ကောင်စီက ဆက်လက်တာဝန်ယူဆောင်ရွက်ရမည်။

## အခန်း (၈)

## ဘဏ္ဍာရေးနှင့် ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း

၂၇။ ကောင်စီသည် ဥပဒေပုဒ်မ ၁၉ ပါ ရငွေများကို ဘဏ်စာရင်းဖွင့်လှစ်၍ ရန်ပုံငွေထိန်းသိမ်းခြင်း၊ စနစ်တကျ စာရင်းပြုစုခြင်း၊ မှတ်တမ်းထားရှိခြင်း၊ ဘဏ္ဍာငွေစာရင်း ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အကူအညီဖြင့် ရေးဆွဲသတ်မှတ်ခြင်းနှင့် နည်းလမ်းတကျ သုံးစွဲခြင်းတို့ ပြုရမည်။

၂၈။ ကောင်စီသည် လုပ်ငန်းဆိုင်ရာ အောက်ပါအသုံးစရိတ်များကို သတ်မှတ်ပြီး မိမိရန်ပုံငွေမှ ကျခံသုံးစွဲရန် ဆုံးဖြတ်နိုင်သည် -

(က) ကောင်စီဝင်များ၏ အစည်းအဝေးများ၊ ဆွေးနွေးပွဲများနှင့် အခမ်းအနားများ စရိတ်၊ နေ့တွက်ခရီးစရိတ်၊ တည်းခိုစရိတ်၊ ပြည်တွင်းခရီး၊ ပြည်ပခရီး၊ ဟောပြောပွဲများနှင့် သင်တန်းများအတွက် ကုန်ကျစရိတ်များ၊

(ခ) လူမှုရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ လှူဒါန်းငွေများ၊

(ဂ) တိုင်းရင်းသားမီဒီယာလုပ်ငန်းအတွက် ကူညီထောက်ပံ့မှုများ၊

(ဃ) သတင်းဆု အပါအဝင် စာနယ်ဇင်းလုပ်ငန်းအတွက် ချီးမြှင့်သည့် ဆုကြေးနှင့်အသုံးစရိတ်များ၊

(င) ကောင်စီက ထုတ်ဝေသည့် စာစောင်များအတွက် ကုန်ကျစရိတ်များ၊ စာအုပ်စာတမ်းဝယ်ယူသည့် ကုန်ကျစရိတ်များ၊

(စ) နိုင်ငံတကာ သတင်းမီဒီယာ အဖွဲ့အစည်းများတွင် အသင်းဝင်ခြင်း၊ မှတ်ပုံတင်ခြင်းဆိုင်ရာ ထည့်ဝင်ရသည့် ကုန်ကျစရိတ်များ၊

(ဆ) ရုံးအဖွဲ့၏ ကုန်ကျစရိတ်များ။

၂၉။ ကောင်စီသည် ဥပဒေပုဒ်မ ၁၉ ပါရငွေများဖြင့် ထူထောင်သော ရန်ပုံငွေထိန်းသိမ်းသုံးစွဲခြင်းတို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) လစဉ် အသုံးစရိတ်ဖြစ်သော ငှားရမ်းခများ၊ ဝန်ထမ်းလစာများ၊ ပုံမှန်အစည်းအဝေးစရိတ်များ၊ စာရေးကိရိယာ၊ စာအုပ်စာတမ်းဝယ်ယူမှု၊ လျှပ်စစ်ဓာတ်အားခ၊ တယ်လီဖုန်းဆက်သွယ်ပြောဆိုခနှင့် အခြားကုန်ကျစရိတ်များအတွက် သီးခြားငွေစာရင်း ဖွင့်လှစ်ခြင်း၊

(ခ) ဥပဒေပုဒ်မ ၂၀ အရ ကောင်စီဝင်အင်အား သုံးပုံနှစ်ပုံ၏ သဘောတူညီချက်ဖြင့် ရန်ပုံငွေထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်းရေးဆွဲပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) လစဉ်နှင့်နှစ်စဉ်ရငွေ၊ သုံးငွေစာရင်းများကို ဌာနတွင်းစာရင်းစစ်ဖြင့် စစ်ဆေးခြင်းနှင့်မှတ်တမ်းတင်ခြင်း၊

(ဃ) ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးအပ်သည့် စာရင်းစစ်အဖွဲ့၏ စစ်ဆေးမှုခံယူခြင်း၊

(င) လစဉ်စာရင်းစစ်ဆေးခြင်း၊ ခြောက်လပတ်စစ်ဆေးခြင်းနှင့် နှစ်ချုပ်စစ်ဆေးခြင်းဆိုင်ရာမှတ်တမ်းကို ကောင်စီအစည်းအဝေးတွင် တင်ပြခြင်းနှင့် အတည်ပြုခြင်း၊

(စ) ပြည်ထောင်စုအစိုးရအဖွဲ့ထံသို့ တင်ပြသည့် စာရင်းစစ်အစီရင်ခံစာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေးချက်နှင့် ကောင်စီက အရေးယူဆောင်ရွက်မှုများကို ဖော်ပြခြင်း။

## အခန်း (၉)

## သတင်းအချက်အလက်ရယူခွင့်

၃၀။ သတင်းမီဒီယာသမားသည် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) ပါ အများပြည်သူသိခွင့်ရှိသော သတင်းအချက်အလက်များကို တောင်းခံရာတွင် သတင်းမီဒီယာသမား သက်သေခံကတ်ပြားပြသ၍ သက်ဆိုင်ရာ

အဖွဲ့အစည်းများထံမှ တောင်းယူကြည့်ရှုခွင့်နှင့် အမှန်တကယ်ကျသင့်သည့် အဖိုးအခမှလွဲ၍ အခြားအပိုဆောင်းစရိတ်များ၊ အဖိုးအခများ ပေးရန်မလိုဘဲ တောင်းယူကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်ရှိသည်။

၃၁။ အများပြည်သူသိခွင့်ရှိသော သတင်းအချက်အလက်များကို ထုတ်ပြန်ရန် တာဝန်ရှိသည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနမဆို -

(က) ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ အများပြည်သူသိခွင့်ရှိသော သတင်းအချက်အလက်များ၊ ဓာတ်ပုံ၊ သရုပ်ဖော်ပုံ၊ ကိန်းဂဏန်း၊ စာရင်းဇယားများကို တောင်းယူကြည့်ရှုရာတွင်လည်းကောင်း၊ မိတ္တူကူးယူခွင့် ရယူရာတွင်လည်းကောင်း တာဝန်ရှိသူသည် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ငြင်းဆန်ခြင်း၊ အချိန်ဆွဲခြင်းမရှိစေရ။

(ခ) လတ်တလော ဖြစ်ပေါ်နေသော သတင်းများနှင့် အရေးပေါ်အခြေအနေဖြစ်စဉ်များအရ အမြန်ပြန်ကြားပေးရမည့်သတင်းများကို တောင်းခံလာပါက သက်ဆိုင်ရာတာဝန်ရှိသူသည် တောင်းခံမှုကို လက်ခံရရှိချိန်မှ အလုပ်လုပ်ချိန် (၂၄) နာရီအတွင်း အကြောင်းပြန်ကြားရမည်။ ဖြစ်နိုင်သမျှ အစောဆုံး အကြောင်းပြန်ကြားရမည်။

(ဂ) လွန်ခဲ့သောဖြစ်ရပ်များမှ အချက်အလက်များ၊ မှတ်တမ်းများ၊ စာရင်းဇယားများကို ပြန်လည်ရှာဖွေပြီးမှ ပြန်ကြားရမည့် သတင်းများကို တောင်းခံလိုပါက သတင်းအချက်အလက် ရယူခွင့်ပြုရန် လျှောက်လွှာပုံစံ (က) တွင် ဖြည့်စွက်ပြီး တရားဝင်စာဖြင့်ဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ၊ ဖက်စ်ဖြင့်ဖြစ်စေ၊ အခြားအီလက်ထရွန်းနစ်နည်းလမ်းဖြင့်ဖြစ်စေ တောင်းခံနိုင်သည်။ ထိုသို့တောင်းခံလာပါက သက်ဆိုင်ရာတာဝန်ရှိသူသည် တောင်းခံသည့်နေ့မှ တရားဝင်ရုံးပိတ်ရက်များမှအပ အလုပ်လုပ်ရက် ၁၅ ရက်အတွင်း အကြောင်းပြန်ကြားရမည်။

(ဃ) သတင်းမီဒီယာများ၏ သတင်းအချက်အလက်တောင်းခံမှုအပေါ် ခိုင်လုံသောအကြောင်းပြချက်ဖြင့် ငြင်းဆိုနိုင်သည်။ အဆိုပါအကြောင်းပြချက်သည် ခိုင်လုံမှုမရှိကြောင်း သို့မဟုတ် ဥပဒေနှင့်မကိုက်ညီကြောင်း သတင်းတောင်းခံသူက တိုင်ကြားလာပါက သက်ဆိုင်ရာတာဝန်ရှိသူသည် ဥပဒေပုဒ်မ ၂၄ နှင့်အညီ စီစဉ်ဆောင်ရွက်ပေးရမည်။ ဆောင်ရွက်ပြီးစီးမှုကို သက်ဆိုင်ရာသတင်းမီဒီယာသို့ ပြန်လည်အကြောင်းပြန်ကြားရမည်။ ထိုဖြေရှင်းချက်ကို မကျေနပ်ပါက သတင်းမီဒီယာအဖွဲ့အစည်း သို့မဟုတ် သတင်းမီဒီယာသမားသည် ကောင်စီသို့ တိုင်ကြားနိုင်သည်။ ကောင်စီသည် တိုင်ကြားချက်နှင့်ပတ်သက်ပြီး ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများထံ အကြောင်းကြားရမည်။ အဆိုပါအကြောင်းကြားချက်ရရှိပါက ၎င်းအဖွဲ့အစည်းများက အရေးယူဆောင်ရွက်ပေးရမည်။

၃၂။ (က) စစ်မက်ဖြစ်ပွားရာဒေသ၊ အရေးအခင်း၊ အဓိကရုဏ်း သို့မဟုတ် အများပြည်သူ ဆန္ဒပြမှုဖြစ်ပွားရာဒေသတွင် သတင်းယူရန်ရှိသည့်အခါ မိမိတို့၏လုံခြုံရေးအတွက် လုံခြုံရေးဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းသို့ သက်ဆိုင်ရာသတင်းမီဒီယာ အဖွဲ့အစည်းက တာဝန်ပေးအပ်ထားသော သတင်းမီဒီယာသမား သက်သေခံကတ်ပြားပြသ၍ သတင်းရယူခွင့်ပြုရန် တောင်းခံနိုင်သည်။ ထိုသို့ တောင်းခံ၍ သတင်းရယူရာတွင် သတ်မှတ်ထားသောစည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) သက်ဆိုင်ရာ အစိုးရဌာနနှင့်အဖွဲ့အစည်းအသီးသီးကလည်း အများပြည်သူ သိခွင့်ရှိသော သတင်းအချက်အလက်များနှင့်ပတ်သက်ပြီး မီဒီယာများက တောင်းခံလာပါက ထုတ်ပြန်ပေးနိုင်ရန် ဆောလျင်စွာ စီစဉ်ဆောင်ရွက်ပေးရမည်။

## အခန်း (၁၀)
## သတင်းအချက်အလက်များကို စိစစ်ရေးသား ဖော်ပြခြင်း

၃၃။ သတင်းမီဒီယာသမားသည် -

(က) သတင်းရယူရာတွင် ဥပဒေပါ တာဝန်နှင့်ကျင့်ဝတ်များကို ဖောက်ဖျက်ခြင်း မပြုရ။

(ခ) သတင်းရေးသား ဖော်ပြရာတွင် ကမ္ဘာ့ကုလသမဂ္ဂက ပြဋ္ဌာန်းသတ်မှတ်ထားသည့် လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့် အရေးများကို လေးစားရမည်။

(ဂ) ဥပဒေပုဒ်မ ၉ ပါ သတင်းသမား၏ ကျင့်ဝတ်စည်းကမ်းများကို လိုက်နာရမည်။

## အခန်း (၁၁)
## ညှိနှိုင်းဖြေရှင်းခြင်းနှင့်အရေးယူခြင်း

၃၄။ ကောင်စီသည် ဥပဒေပုဒ်မ ၉ တွင် သတ်မှတ်ပြဋ္ဌာန်းထားသော တာဝန်နှင့်ကျင့်ဝတ်စည်းကမ်း တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့်စွပ်စွဲတိုင်ကြားချက်များကို ညှိနှိုင်းဖြေရှင်းပေးရာတွင် အထောက်အကူပြုနိုင်ရန် အလို့ငှာ ဥပဒေပုဒ်မ ၁၈ အရ အငြင်းပွားမှုနှင့် တိုင်ကြားမှုများ ညှိနှိုင်းဖြေရှင်းရေးကော်မတီတစ်ရပ် ဖွဲ့စည်း ဆောင်ရွက်ရမည်။

၃၅။ နစ်နာသောဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် သတင်းမီဒီယာသမားတစ်ဦးဦးက ဥပဒေပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့် တာဝန်နှင့် ကျင့်ဝတ်စည်းကမ်းတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် -

(က) ရှေးဦးစွာ ညှိနှိုင်းဖြေရှင်းပေးရန် ကောင်စီသို့ တိုင်ကြားလွှာ ပုံစံ(ခ)ဖြင့် တိုင်ကြားနိုင်သည်။

(ခ) ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ခ)၊ (ဃ)၊ (စ) နှင့် (ဆ) ပါ တာဝန်နှင့်ကျင့်ဝတ်စည်းကမ်းတစ်ရပ်ရပ် ဖောက်ဖျက်မှုအတွက် ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာ တရားရုံးသို့ တိုက်ရိုက်လျှောက်ထားစွဲဆိုနိုင်သည်။

၃၆။ သတင်းမီဒီယာသမားတစ်ဦးဦးက ဥပဒေပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်တာဝန်နှင့်ကျင့်ဝတ်စည်းကမ်း တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်းကြောင့် နစ်နာသည်ဟုယူဆသော ဌာန၊ အဖွဲ့အစည်း၏ တာဝန်ရှိသူ သို့မဟုတ် တာဝန်ပေးအပ်ခြင်း ခံရသူက ဖြစ်စေ၊ ပုဂ္ဂိုလ်ကိုယ်တိုင်ကဖြစ်စေ ရေးသားပုံနှိပ်ဖော်ပြခြင်း သို့မဟုတ် ထုတ်လွှင့်ခြင်းပြုသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း တိုင်ကြားလွှာ ပုံစံ (ခ) ဖြင့် ကောင်စီသို့ တိုင်ကြား နိုင်သည်။

၃၇။ နစ်နာသောဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် ကောင်စီသို့ တိုင်ကြားလွှာဖြင့် တိုင်ကြားပြီး နောက်တွင် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားရုံးသို့စွဲဆိုလျှင် ကောင်စီသို့ တိုင်ကြားခဲ့သော တိုင်ကြားလွှာကို ပြန်လည်ရုပ်သိမ်းရမည်။

၃၈။ အငြင်းပွားမှုနှင့် တိုင်ကြားမှုများ ညှိနှိုင်းဖြေရှင်းရေး ကော်မတီသည် -

(က) တိုင်ကြားလွှာနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖြေရှင်းရေးအမှုတွဲ ပုံစံ (ဂ)ဖွင့်လှစ်ရမည်။

(ခ) တိုင်ကြားသူနှင့် တိုင်ကြားခြင်းခံရသူတို့ထံ ၎င်းတို့နှင့်ညှိနှိုင်းပြီး ညှိနှိုင်းမည့်နေ့ရက်၊ အချိန်နှင့် နေရာတို့ကို သတ်မှတ်ပြီး ဆင့်ဆိုနိုင်သည်။ ထိုသို့ ဆင့်ဆိုသည့် နေ့ရက်၊ အချိန်နှင့်နေရာသို့ တစ်ဖက်ဖက်မှ ခိုင်လုံသောအကြောင်းပြချက်ဖြင့် လာရောက်နိုင်ခြင်းမရှိပါက ဒုတိယအကြိမ် ညှိနှိုင်းပြီး နေ့ရက်၊ အချိန်နှင့်နေရာတို့ကို ထပ်မံသတ်မှတ်၍ ဆင့်ဆိုနိုင်သည်။

(ဂ) တိုင်ကြားခံရသူအား ဖြေရှင်းလွှာ တင်ပြစေရမည်။

(ဃ) ဤနည်းဥပဒေအရ ဆင့်ဆိုခြင်း၊ မေးမြန်းခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကို သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ရမည်။

(င) တိုင်ကြားလွှာနှင့် ဖြေရှင်းလွှာအပေါ် အငြင်းပွားသည့် အချက်များနှင့်စပ်လျဉ်း၍ တိုင်ကြားသူနှင့် ယင်း၏ သက်သေများကိုလည်းကောင်း၊ တိုင်ကြားခံရသူနှင့်ယင်း၏သက်သေများကိုလည်းကောင်း ကောင်စီ၏ ရှေ့မှောက်တွင် ကောင်စီဝင်များက မေးမြန်းချက်များကို အကျဉ်းချုပ်ရေးမှတ်ရမည်။ ထိုသို့ ရေးမှတ်ချက်ကို ဖတ်ပြပြီး မေးမြန်းခြင်းခံရသူနှင့် ကောင်စီဝင်များက လက်မှတ်ရေးထိုး ရမည်။

(စ) တိုင်ကြားသူနှင့် တိုင်ကြားခြင်းခံရသူများအား နှစ်ဖက်ပြေလည်နိုင်ရန် ကောင်စီက အတတ်နိုင်ဆုံး ညှိနှိုင်းဖြေရှင်းပေးသည့် ဆုံးဖြတ်ချက်ကို ချမှတ်ပေး၍ လက်မှတ်ရေးထိုးပြီးနောက် အမှုတွဲပိတ်ရမည်။ အကယ်၍ ညှိနှိုင်းဖြေရှင်း၍မရရှိပါက ထိုသို့ မရရှိကြောင်း မှတ်တမ်းရေးပြီး အမှုတွဲကို ပိတ်ရမည်။

(ဆ) နည်းဥပဒေခွဲ (ခ)အရ ဆင့်ဆိုချက် အတည်ဖြစ်ပါလျက် သတ်မှတ်သည့်နေ့ရက်အချိန်တွင် ခိုင်လုံသော အကြောင်းမရှိဘဲ တိုင်ကြားသူ သို့မဟုတ် ၎င်းက တာဝန်ပေးခြင်းခံရသူမလာရောက်လျှင်သော်လည်းကောင်း၊ တိုင်ကြားခြင်းခံရသူ သို့မဟုတ် ၎င်း၏ တာဝန်ပေးခြင်းခံရသူ မလာရောက်လျှင်သော်လည်းကောင်း ကောင်စီ၏ဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာနိုင်သည်။

(ဇ) ညှိနှိုင်းဖြေရှင်းမှုကို တိုင်ကြားစာလက်ခံရရှိသည့် နေ့မှစ၍ ၁၅ ရက်အတွင်း စတင်ဆောင်ရွက်ရမည်။

(ဈ) စတင်ညှိနှိုင်းဖြေရှင်းသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ညှိနှိုင်းဖြေရှင်းမှုကို ပြီးစီးအောင် ဆောင်ရွက်ရမည်။

၃၉။ တိုင်ကြားသူနှင့် တိုင်ကြားခြင်းခံရသူတို့သည် -

(က) ညှိနှိုင်းဖြေရှင်းသည့် ဆုံးဖြတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) ညှိနှိုင်းဖြေရှင်းရာ၌ ပြေလည်မှုမရရှိလျှင်ဖြစ်စေ၊ ညှိနှိုင်းဖြေရှင်းသည့် ဆုံးဖြတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမပြုလျှင်ဖြစ်စေ သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုနိုင်သည်။

၄၀။ ကောင်စီသည် အငြင်းပွားမှုဖြေရှင်းခြင်းနှင့်စပ်လျဉ်းသည့် မိမိ၏ဆုံးဖြတ်ချက်နှင့် သဘောထားများကို သတင်းထုတ်ပြန်နိုင်သည်။

## အခန်း (၁၂)

## ရုံးအဖွဲ့ ဖွဲ့စည်းခြင်း

၄၁။ ကောင်စီ၏ နေ့စဉ်ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ကောင်စီသည် -

(က) ရုံးအဖွဲ့၏ ရုံးလုပ်ငန်းဖွဲ့စည်းပုံရေးဆွဲပြီး အရာထမ်းနှင့် အမှုထမ်းများကို ခန့်အပ်တာဝန်ပေးခြင်းတို့ ပြုနိုင်သည်။

(ခ) ရုံးဝန်ထမ်းအဖွဲ့တွင် ခန့်ထားသော အရာထမ်းနှင့် အမှုထမ်းများအား တည်ဆဲဥပဒေနှင့်အညီ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်များချုပ်ဆို ခန့်အပ်ပြီး ၎င်းတို့၏တာဝန်များနှင့် အခွင့်အရေးများကို သတ်မှတ်ပေးရမည်။

(ဂ) ရုံးလုပ်ငန်းတာဝန်များကို ကြီးကြပ်နိုင်ရန် ရုံးအဖွဲ့မှူးတစ်ဦးကို ခန့်အပ်တာဝန်ပေးနိုင်သည်။

၄၂။ ကောင်စီသည် ရုံးဝန်ထမ်းများနှင့်ပတ်သက်၍ -

(က) အရည်အချင်းသတ်မှတ်ချက်နှင့် အလုပ်ခွင်စည်းကမ်းများ ရေးဆွဲသတ်မှတ်ထားရမည်။

(ခ) လစာစရိတ်နှင့်ခံစားခွင့်များကို တည်ဆဲအလုပ်သမားဆိုင်ရာ ဥပဒေများနှင့်အညီ သတ်မှတ်ပေးရမည်။

(ဂ) အခါအားလျော်စွာ ချီးမြှင့်ငွေ၊ ထောက်ပံ့ငွေများ ပေးနိုင်သည်။

ရဲထွဋ်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပုံစံ (က)

## သတင်းအချက်အလက်ရယူခွင့်ပြုရန် လျှောက်လွှာ
## [နည်းဥပဒေ ၃၁ (ဂ)]

သို့

.................

................. ဌာန/လုပ်ငန်း/အဖွဲ့အစည်း

၁။ ကျွန်တော်/ကျွန်မသည် အောက်ဖော်ပြပါ သတင်းအချက်အလက်များကို တိကျစွာဖြင့် အသေးစိတ် သိလိုပါသည် -

(က) .....................................................။

(ခ) .....................................................။

(ဂ) .....................................................။

၂။ အကယ်၍ အဆိုပါသတင်းအချက်အလက်များရရှိနိုင်ရန်အတွက် မိတ္တူကူးယူရန် ကုန်ကျစရိတ်များရှိပါက သတင်းအချက်အလက်ကိုမရှာဖွေမီ ကျွန်တော်/ကျွန်မထံအသိပေးစေလိုပါသည်။

၃။ ကျွန်တော်/ကျွန်မတောင်းဆိုသော သတင်းအချက်အလက်တချို့ (သို့မဟုတ်) အားလုံးကိုပေးရန်အတွက် ငြင်းဆိုပါက မည်သည့်အကြောင်းကြောင့် ဤသို့ငြင်းပယ်ရခြင်းကို အသေးစိတ်ဖော်ပြစေလိုပါသည်။

၄။ အဆိုပါ သတင်းအချက်အလက်များကို ပေးရန်အတွက် ဆက်သွယ်မေးမြန်းလိုပါက ဖော်ပြပါတယ်လီဖုန်း များ (အိမ်) (သို့မဟုတ်) (ရုံးဖုန်း) များကို ဆက်သွယ်နိုင်ပါသည်။

လေးစားစွာဖြင့်

လက်မှတ် ......................

အမည်.......................

မှတ်ပုံတင်အမှတ်..................

အလုပ်အကိုင်/ရာထူး..............

လုပ်ငန်းလိပ်စာ/ဆက်သွယ်ရန်လိပ်စာ....

..........................

..........................

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

ပုံစံ (ခ)

**တိုင်ကြားလွှာ**
**[နည်းဥပဒေ ၃၆]**

သို့

အငြင်းပွားမှုနှင့် တိုင်ကြားမှုများညှိနှိုင်းဖြေရှင်းရေးကော်မတီ
မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

ရက်စွဲ၊ . . . . . ခုနှစ်၊ . . . . . . . . . လ. . . . . ရက်

**အကြောင်းအရာ။ ။ညှိနှိုင်းဖြေရှင်းပေးပါရန် တိုင်ကြားခြင်း**

၁။ သတင်းမီဒီယာသမား . . . . . . . . . . . . . . . . . /. . . . . . . . . . . . . သတင်းမီဒီယာဌာနသည်- သတင်းမီဒီယာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (. . . . . ) (. . . . . ) (. . . . . . ) ပါ သတင်းမီဒီယာသမားတစ်ဦး၏ တာဝန်နှင့်ကျင့်ဝတ်စည်းကမ်းဖြစ်သော . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ကို
ချိုးဖောက်ပြီး မဟုတ်မမှန်ဘဲ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ဖြစ်သဖြင့် တိုင်ကြားသူတွင် များစွာထိခိုက်နစ်နာလျက်ရှိပါသည်။

၂။ သို့ပါ၍ သတင်းမီဒီယာသမား . . . . . . / . . . . . . . . သတင်းမီဒီယာဌာနသည် သတင်းမီဒီယာ ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (. . . . )၊ (. . . . . )၊ (. . . . . ) ပါ သတင်းမီဒီယာသမားတစ်ဦး၏ တာဝန်နှင့် ကျင့်ဝတ်စည်းကမ်းကို ချိုးဖောက်သည့်အတွက် ညှိနှိုင်းဖြေရှင်းပြီးအရေးယူပေးပါရန် တိုင်ကြားအပ်ပါသည်။

တိုင်ကြားသူလက်မှတ် . . . . . . . . . . . . . . . . . . . .
တိုင်ကြားသူအမည် . . . . . . . . . . . . . . . . . . . . .

ပုံစံ (ဂ)

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**
**အငြင်းပွားမှုနှင့် တိုင်ကြားမှုများညှိနှိုင်းဖြေရှင်းရေးကော်မတီ**
**ညှိနှိုင်းဖြေရှင်းရေးအမှုတွဲ**
**[နည်းဥပဒေ ၁၈ (က)]**
**အမှုတွဲအမှတ်၊ ....../ ၂၀....**

ရက်စွဲ၊ ..... ခုနှစ်၊ ........လ၊....ရက်

၁။ တိုင်ကြားသူအမည် ...........................

၂။ တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ....................

၃။ တိုင်ကြားသူ၏ နေရပ်လိပ်စာ၊ ဖုန်း၊ ဖက်စ်၊ အီးမေးလ် အမှတ် .......................
..................................................................

၄။ တိုင်ကြားခြင်းခံရသူအမည် ............/ သတင်းဌာနအမည် ...................
..... .....

၅။ တိုင်ကြားခြင်းခံရသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ........................
...... ...........................................................
..... ........ ........

၆။ တိုင်ကြားခြင်းခံရသူ၏ နေရပ်လိပ်စာ၊ ဖုန်း၊ ဖက်စ်၊ အီးမေးလ် အမှတ် .... ........ .......
....... ........................... ............ .....
.... ... ... ...........

၇။ တိုင်ကြားသူအား မေးမြန်းဖြေကြားချက် အကျဉ်း ....... ............ ..... .....
.................................... ..... ......
..... .................... ...................။

တိုင်ကြားသူ၏ လက်မှတ်

၂

၈။ တိုင်ကြားသူ၏ တာဝန်ပေးအပ်ခြင်းခံရသူ၊ ကိုယ်စားလှယ် . . . . . . . . . . . . . အား မေးမြန်း ဖြေကြား ချက်အကျဉ်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .။

တိုင်ကြားသူ၏တာဝန်ပေးအပ်ခြင်းခံရသူ၊ ကိုယ်စားလှယ်လက်မှတ်

၉။ တိုင်ကြားခြင်းခံရသူအား မေးမြန်းဖြေကြားချက်အကျဉ်း

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .။

တိုင်ကြားခြင်းခံရသူ၏လက်မှတ်

၁၀။ တိုင်ကြားခြင်းခံရသူ၏ တာဝန်ပေးအပ်ခြင်းခံရသူ၊ ကိုယ်စားလှယ် . . . . . . . . . . . . . . . . . . . . . အား မေးမြန်း ဖြေကြားချက်အကျဉ်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .။

တိုင်ကြားခြင်းခံရသူ၏ တာဝန်ပေးအပ်ခြင်းခံရသူ၊ ကိုယ်စားလှယ်လက်မှတ်

၁၁။ ညှိနှိုင်းဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .။

အဖွဲ့ဝင် အဖွဲ့ခေါင်းဆောင် အဖွဲ့ဝင်

ညှိနှိုင်းဖြေရှင်းရေးအဖွဲ့

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက် ( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

**အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၅**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂ ရက် )

အမှတ် (၃၈၇) ခြေမြန်တပ်ရင်းမှ လွှဲပြောင်း အမှုထမ်းဆောင်ခွင့်ပြုထားသော ကြည်း ၃၁၄၂၂ ဗိုလ်မှူး မျိုးထက်အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးနေရာ၌ **၂၀၁၅ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ နံနက်ပိုင်း**မှစ၍ ခန့်ထားလိုက်သည်။

ဇော်သန်းသင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

### အမျိုးသားလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၅)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၀ ရက် )

အမျိုးသားလွှတ်တော်ရုံးတွင် အစမ်းခန့်ထားခဲ့သော အောက်ဖော်ပြပါ အရာထမ်း (၃) ဦးအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးရဲမြင့် | ညွှန်ကြားရေးမှူး |
| ၂။ | ဦးဇော်သန်းထိုက် | ညွှန်ကြားရေးမှူး |
| ၃။ | ဦးမင်းဇော်ဦး | လက်ထောက်ညွှန်ကြားရေးမှူး |

(ပုံ) ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

**[ ယခင်အပတ်မှအဆက် ]**

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် )

အမှတ် ၁၇၆/၂၀၁၄ ။ ။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၆) မှ အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (၃၅၇) | အောင်ကျော်မျိုး | ကြည်း | ၆၈၈၄၇ | (၃၇၃) | အောင်စံဖြိုးသူ | ကြည်း | ၆၈၈၆၃ |
| (၃၅၈) | အောင်ဇော်မိုး | ကြည်း | ၆၈၈၄၈ | (၃၇၄) | ရဲနောင် | ကြည်း | ၆၈၈၆၄ |
| (၃၅၉) | ထူးဝေအောင် | ကြည်း | ၆၈၈၄၉ | (၃၇၅) | လင်းသူရိန်တိုး | ကြည်း | ၆၈၈၆၅ |
| (၃၆၀) | အောင်စိုးမိုး | ကြည်း | ၆၈၈၅၀ | (၃၇၆) | သက်ခိုင်ထွန်း | ကြည်း | ၆၈၈၆၆ |
| (၃၆၁) | ဇော်ရဲထွန်း | ကြည်း | ၆၈၈၅၁ | (၃၇၇) | အောင်သွင် | ကြည်း | ၆၈၈၆၇ |
| (၃၆၂) | နေထူးနိုင် | ကြည်း | ၆၈၈၅၂ | (၃၇၈) | လွှမ်းထက်ကျော် | ကြည်း | ၆၈၈၆၈ |
| (၃၆၃) | သော်ဇင်နိုင် | ကြည်း | ၆၈၈၅၃ | (၃၇၉) | ရဲမင်းသူ | ကြည်း | ၆၈၈၆၉ |
| (၃၆၄) | စွမ်းထက်အောင် | ကြည်း | ၆၈၈၅၄ | (၃၈၀) | ထက်လွင်အောင် | ကြည်း | ၆၈၈၇၀ |
| (၃၆၅) | စိုးပိုင် | ကြည်း | ၆၈၈၅၅ | (၃၈၁) | ထက်ဇော်ဖြိုး | ကြည်း | ၆၈၈၇၁ |
| (၃၆၆) | ဇော်လင်းမောင် | ကြည်း | ၆၈၈၅၆ | (၃၈၂) | ဇော်မော်ဟိန်း | ကြည်း | ၆၈၈၇၂ |
| (၃၆၇) | လွင်မြင့်မောင် | ကြည်း | ၆၈၈၅၇ | (၃၈၃) | ဝေယံစိုး | ကြည်း | ၆၈၈၇၃ |
| (၃၆၈) | ရဲရင့် | ကြည်း | ၆၈၈၅၈ | (၃၈၄) | အောင်တည်ဦး | ကြည်း | ၆၈၈၇၄ |
| (၃၆၉) | တင်မျိုးထက် | ကြည်း | ၆၈၈၅၉ | (၃၈၅) | ကျော်သီဟ | ကြည်း | ၆၈၈၇၅ |
| (၃၇၀) | ပြည့်ဖြိုးအောင် | ကြည်း | ၆၈၈၆၀ | (၃၈၆) | ဝင်းမြင့်စိုး | ကြည်း | ၆၈၈၇၆ |
| (၃၇၁) | မင်းခန့်ပိုင် | ကြည်း | ၆၈၈၆၁ | (၃၈၇) | စိုးသူရထွန်း | ကြည်း | ၆၈၈၇၇ |
| (၃၇၂) | အောင်ဇာနည်မော် | ကြည်း | ၆၈၈၆၂ | (၃၈၈) | အောင်ဆက်ပိုင် | ကြည်း | ၆၈၈၇၈ |

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်
( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် )

အမှတ် ၁၇၈/၂၀၁၄ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | မြဝင်း | ကြည်း | ၆၈၈၈၃ |
| (၂) | ခင်အောင် | ကြည်း | ၆၈၈၈၄ |
| (၃) | တင်ရှိန် | ကြည်း | ၆၈၈၈၅ |

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် )

အမှတ် ၁၈၁/၂၀၁၄ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | | |
|---|---|---|---|---|
| (၁) | ကျော်ဝင်း | ကြည်း | ၆၈၈၈၆ | (၂၄-၁၂-၂၀၁၄) |
| (၂) | နီပဲန်း | ကြည်း | ၆၈၈၈၇ | (၂၅-၁၂-၂၀၁၄) |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )

အမှတ် ၁၄ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ၏ ဇယား "က" လမ်းမကြီးများစာရင်းတွင် အောက်ဖော်ပြပါလမ်းများကို အသစ်ဖြည့်စွက်ကြေညာလိုက်သည်။

**ဇယား "က" လမ်းမကြီးများ**

**ပဲခူးတိုင်းဒေသကြီး**

| အမှတ်စဉ် | လမ်းအမည် | တိုင်းအတွင်းရှိ လမ်း၏မိုင်အရှည် | | ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၏မိုင်အရှည် | | | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်း၏မိုင်အရှည် | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | မိုင် | ဖာလုံ | မိုင် | ဖာလုံ | ပေ | မိုင် | ဖာလုံ | ပေ | |
| (၁) | (၂) | (၃) | | (၄) | | | (၅) | | | (၆) |
| ၃၅။ | လက်ပံတန်း-ကျွန်းကလေး-ကမ်းပြိုကြီးလမ်း | | | ၆ | ၀ | | | | | |
| ၃၆။ | အုတ်ဖိုမြို့အဝင်လမ်း | | | ၂ | ၀ | | | | | |
| ၃၇။ | နဝင်း-ဇရစ်ချောင်း-ကျောက်အိုးလေးလမ်း | | | ၆ | ၂ | ၆၀၇ | | | | |

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာတွင်ပါရှိသော ဇယား "က" လမ်းမကြီးများ၏ စုစုပေါင်းမိုင်အရှည်ကို (၉၂၂ မိုင် ၃ ဖာလုံ ၅၅၁ ပေ) အစား (၉၃၆ မိုင် ၆ ဖာလုံ ၄၉၈ ပေ) ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

အမှတ် ၁၅ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ၏ ဇယား "က" လမ်းမကြီးများစာရင်းတွင် အောက်ဖော်ပြပါလမ်းကို အသစ်ဖြည့်စွက်ကြေညာလိုက်သည်။

**ဇယား "က" လမ်းမကြီးများ**

**ဧရာဝတီတိုင်းဒေသကြီး**

| အမှတ်စဉ် | လမ်းအမည် | တိုင်းအတွင်းရှိ လမ်း၏မိုင်အရှည် | | ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၏မိုင်အရှည် | | | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်း၏မိုင်အရှည် | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | မိုင် | ဖာလုံ | မိုင် | ဖာလုံ | ပေ | မိုင် | ဖာလုံ | ပေ | |
| (၁) | (၂) | (၃) | | (၄) | | | (၅) | | | (၆) |
| ၅၆။ | ဇလွန်-ပျဉ်းမကုန်း-ရှမ်းစုလမ်း | | | ၁၃ | ၄ | | | | | |
| ၅၇။ | ဆေးရုံလမ်း၊ ဗိုလ်ချုပ်လမ်း၊ အဒါးလမ်း | | | ၁ | ၂ | ၄၉၅ | | | | |
| ၅၈။ | ဇလွန်-ကော့ကပ်လမ်း | | | ၁၀ | ၀ | | | | | |

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာတွင်ပါရှိသော ဇယား "က" လမ်းမကြီးများ၏ စုစုပေါင်း မိုင်အရှည်ကို (၁၁၁၇ မိုင် ၁ ဖာလုံ ၃၃၀ ပေ) အစား (၁၁၄၂ မိုင် ၁၆၅ ပေ) ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်
( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက် )

အမှတ် ၆ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ၏ ဇယား "က" လမ်းမကြီးများစာရင်းတွင် အောက်ဖော်ပြပါလမ်းကို အသစ်ဖြည့်စွက်ကြေညာလိုက်သည်။

**ဇယား "က" လမ်းမကြီးများ**
**မကွေးတိုင်းဒေသကြီး**

| အမှတ်စဉ် | လမ်းအမည် | တိုင်းအတွင်းရှိ လမ်း၏မိုင်အရှည် | | ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၏မိုင်အရှည် | | | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်း၏မိုင်အရှည် | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | မိုင် | ဖာလုံ | မိုင် | ဖာလုံ | ပေ | မိုင် | ဖာလုံ | ပေ | |
| (၁) | (၂) | (၃) | | (၄) | | | (၅) | | | (၆) |
| ၅၉။ | ပဒါန်းရွာရှောင်လမ်း | | | | ၅ | ၃၀၀ | | | | |

မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာတွင်ပါရှိသော ဇယား "က" လမ်းမကြီးများ၏ စုစုပေါင်းမိုင်အရှည်ကို (၁၅၆၃ မိုင် ၀ ဖာလုံ ၂၄၈ ပေ) အစား (၁၅၆၃ မိုင် ၅ ဖာလုံ ၅၄၈ ပေ) ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

စိုးကိုကို၊
ညွှန်ကြားရေးမှူးချုပ်၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

## ငွေတိုက်ဦးစီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်)

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနမှ အောက်ပါစိစစ်ရေးမှူး-၂ များအား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနတွင် ဦးစီးအရာရှိ လစာနှုန်း (၁၉၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) များအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

**စဉ် အမည်**
၁။ ဦးမျိုးကိုကိုဝင်း
၂။ ဒေါ်စုစုလှိုင်

မောင်မောင်ဝင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ငွေတိုက်ဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်<br>( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက် ) | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**မြန်မာကုမ္ပဏီများအက်ဥပဒေအရ**
**အဒွန်းနရီးရဲလ် အက်စ်တိတ်တ် ဘတ်စ်နက်စ် ကုမ္ပဏီလီမိတက်**
**(Adorn Real Estate Business Company Limited)**
အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်
ရရန်ရှိသည့်ကြွေးများ တောင်းခံရန်သတိပေးခြင်း

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု ဖမ်မက်ဂရု (ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၁-၈-၂၀၁၅) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထား ခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက် နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်မေသီရိနိုင်
မန်နေးဂျင်းဒါရိုက်တာ
အဒွန်းနရီးရဲလ် အက်စ်တိတ်တ် ဘတ်စ်နက်စ် ကုမ္ပဏီလီမိတက်

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ်-၆၁၅(အေ-၁)၊ အခန်း-(ဘီ-၃)၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၂၃၀ ၄၃၄၉၊ ၅၂၃၃၂၇

## M J FOOD COMPANY LIMITED

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င)

**M J FOOD COMPANY LIMITED** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် နောက်ဆုံးအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ အမှတ်-၆၇ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့၌ (၄. ၈. ၂၀၁၅) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဦးချန္ဒရာ
အထက်တန်းရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
**M J FOOD COMPANY LIMITED**

## JUST MARINE COMPANY LIMITED. ၏

ဖျက်သိမ်းရန်ကြေညာချက်

၁။ **JUST MARINE COMPANY LIMITED.** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂-၇-၂၀၁၅) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ (ပ)ထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဦးချန္ဒရာ [B.Sc., H.G.P, M.A (Business Law), PG Dip in Law (အထက်တန်းရှေ့နေ)] [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးကျော်ဝင်း
မန်နေးဂျင်းဒါရိုက်တာ
JUST MARINE COMPANY LIMITED.

ဦးချန္ဒရာ
အထက်တန်းရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
**Vega Light Travels & Tours Co., Ltd.**
ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာချက်

၁။ **Vega Light Travels & Tours Co., Ltd.** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၆-၆-၂၀၁၅) နေ့တွင် ကျင်းပသည့် သာမန်ထက်ထူးကဲသော အထူးအထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ခင်ဝင်းရီ [၁၂/ဗဟန (နိုင်) ၀၃၇၇၂၂] B.Com (A.A), C.P.A အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်-ရရန်ရှိသည်များကို (၂၅. ၇. ၂၀၁၅) နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ခင်ဝင်းရီထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

Daw Than Aye
Managing Director
Vega Light Travels & Tours Co.,Ltd.

Daw Khin Win Yi
Liquidator
B.Com (A.A), C.P.A
Registered Accountant, Auditor
Financial Consultant

ပ၊ စ၊ လ - အမှတ် ၆၇၀/၁၄/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၂၀၀/၃-၇-၂၀၁၅။